# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ သောကြာနေ့ အတွဲ (၆၅)၊ အမှတ်(၀၃၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္တုကံတော်အတွင်းရှိ အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များ စုံလင်စွာဖြင့် စီစဉ်ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည် ဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်ပွဲ၊ *စာမျက်နှာ ၅ ကော်လံ ၁* ❏


**ယနေ့ သတင်းအညွှန်း**

ဉာဏ်ရည်တုနည်းပညာ (AI) နှင့် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု ဆောင်းပါး စာ ၆

ဟာရီကိန်းမုန်တိုင်း မယ်လစ်ဆာကြောင့် ပျက်စီးခဲ့ရသည့် ကာရေဘီယံဒေသများသို့ အကူအညီပေးရန် ကုလသမဂ္ဂ ဆောင်ရွက် နိုင်ငံတကာသတင်း စာ ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူစဉ်။

❖ *ရွှေဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

### ဆက်ကပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဂ္ဂါမိပတိ သာသနဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့က ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိန်ရာဇာသာသနာလင်္ကာရ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝဇိရပါဏီလင်္ကာရာဘိဝံသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**နာယူကြည်ညို**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဝင်၊ တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ အုန်းတောကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိဿတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

**ရေစက်သွန်းလောင်းအမျှပေးဝေ**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံမှကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင်မင်းကျောင်း ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၇၉၁၉၁၀၅၀ နှင့် လှူဒါန်းငွေကျပ် ၈၈၅၉၉၃၅၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၆၇၇၉၀၄၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၀**

ရောဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❑ ရှေ့ဖုံးမှ

ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲနှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာ သင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာ သင်္ကန်းရက်လုပ်ပြိုင်ပွဲများ အတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့အပြင် ညပိုင်း ဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များနှင့် ဈေးဆိုင်ခန်းမျိုးစုံ စုစုပေါင်း ၃၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော်အိ၊ ကလေးစီးကားနှင့် ရထားဝိုင်း၊ ကလေးစီး လှုပ်စိနှင့် ဒုံးစသည့် ကစားနည်းများအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့်နာမည်ကြီးအဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ ညစဉ် သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ် ဇာတ်သဘင်၏ ညစဉ်ကပြတင်ဆက်မှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဒွေး ကချင်ပြည်နယ်တရားလွှတ်တော်အဆောက်အအုံ ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနား တက်ရောက်

**မြစ်ကြီးနား အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ကွင်းအမှတ်-၄/ယောရင်ကွင်း ဦးပိုင်အမှတ် ၃၅ / ၂၈ ၊ ၃၅ /၂၈ ရှိ ကချင်ပြည်နယ်တရားလွှတ်တော်အဆောက်အအုံသစ် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါအဆောက်အအုံ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဒွေး တက်ရောက်သည်။



**အမွှေးနံ့သာများ ပက်ဖျန်းပေး**

အခမ်းအနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်နှင့် ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက သတ်မှတ်နေရာအသီးသီးတွင် နေရာယူကာ ပန္နက်တော်တင် တွင်းတော်ဝန်းပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဒွေးက ပန္နက်တော်တင် တွင်းတော်ဝန်း အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးရွာသွန်းပေးပြီး အဆောက်အအုံဆောက်လုပ်မည့် ပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါအဆောက်အအုံကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၂၀၂၃ -၂၀၂၇ (၅)နှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၊ တတိယနှစ် လုပ်ငန်းအစီအစဉ်(၂၀၂၅)၏ မဟာဗျူဟာ လုပ်ငန်းနယ်ပယ်(၁)၊ မဟာဗျူဟာရည်မှန်းချက် ၁.၄၊ မဟာဗျူဟာအစီအစဉ် ၁.၄.၁ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး အဆောက်အအုံမှာ အလျား ၂၀၆ ပေ၊ အနံ ၁၃၅ ပေ ရှိ သံကူကွန်ကရစ် လေးထပ် အဆောက်အအုံဖြစ်ကာ G3 Group Limited က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် နေ့လွှတ်အရုပ်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**တောင်ကြီး အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့ အဝေယာကုန်းသာယာမီးပုံးပျံကွင်းကြီးအတွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ နေ့လွှတ်အရုပ်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဆက်လက်ယှဉ်ပြိုင် လွှတ်တင်လျက်ရှိသည်။(ယာပုံ)

ယနေ့ပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများနှင့် တောင်ကြီးမြို့အနီးဝန်းကျင်မြို့၊ ရွာများမှ ပြိုင်ပွဲဝင်အသင်းများက အတီးအမှုတ်အကအခုန်များဖြင့် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်လွှတ်တင်လျက်ရှိကြသည်။

**အသင်း ၅၀ ပါဝင်ယှဉ်ပြိုင်**

အဆိုပါ နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် ခြေနှစ်ချောင်းအမျိုးအစား၊ ခြေလေးချောင်းအမျိုးအစားနှင့် အုပ်စုအမျိုးအစား အစရှိသည်ဖြင့် ပါဝင်ယှဉ်ပြိုင်လွှတ်တင်လျက်ရှိကြပြီး မီးပုံးပျံဝါသနာရှင်များနှင့် ပွဲတော်လာဧည့်သည်များ စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှုအားပေးကြကြောင်းနှင့် ယနေ့တွင် ပြိုင်ပွဲဝင်အသင်း ၅၀ ပါဝင်ယှဉ်ပြိုင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**





# အိမ်ခြံမြေအခြေခံပညာသင်တန်း အခမဲ့ဖွင့်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အိမ်ခြံမြေအခြေခံပညာသင်တန်း(အခမဲ့) အမှတ်စဉ် ၅၂/၂၀၂၅ ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ အသင်းသင်တန်းခန်းမ၌ အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အထိ အိမ်ခြံမြေနှင့် စပ်လျဉ်းသည့် ဥပဒေများ၊ မြို့ပြမြေနှင့် ရန်ကုန်မြို့ မြေများစီမံခန့်ခွဲမှုအကြောင်းသိကောင်းစရာ၊ အိမ်ခြံမြေလုပ်ငန်းအတွက် အရောင်းစနစ်ကျနမှုများနှင့် အကျိုးဆောင်ကောင်းတစ်ယောက် သိသင့်သိထိုက်သည့် ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိရာ သင်တန်းသား သင်တန်းသူ ၁၆၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းနိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

ယနေ့ မွန်းလွဲ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဉာဏ်ရည်တုနည်းပညာ (AI) နှင့် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု

**နှစ်စဉ်အောက်တိုဘာလ၏ နောက်ဆုံးသီတင်းပတ်ကို ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု ရက်သတ္တပတ် (Global Media and Information Literacy – MIL) Week အဖြစ် သတ်မှတ်ထားပါသည်။ ယခုနှစ်အတွက် အဓိကဖော်ညွှန်းချက်မှာ "ဉာဏ်ရည်တု နည်းပညာဖြင့် ပြီးမြောက်ခြင်း-ဒစ်ဂျစ်တယ် နယ်ပယ်အတွင်းမှ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု"ဟူ၍ ဖြစ်ပါသည်။**

ဒေါက်တာဇင်မာကျော်
(သတင်းအတတ်ပညာ)

အဓိကဖော်ညွှန်းချက်တွင် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုနှင့် AI ဆုံမှတ်များ၊ AI သည် သတင်းအချက်အလက် အခင်းအကျင်းကို မည်ကဲ့သို့ပြန်လည်ပုံဖော်ပေးနိုင်သည်ကို ရှာဖွေခြင်း၊ MIL သည် လူတစ်ဦးချင်းစီတိုင်းအား စွမ်းဆောင်မှုများ ရရှိစေရန်နှင့် AI ဖြင့် ဖန်တီးသော အကြောင်းအရာများတွင် ဝေဖန်ပိုင်းခြားစွာ လုပ်ဆောင်တတ်စေရန် မည်မျှအထိ အရေးကြီးကြောင်းကို မီးမောင်းထိုးပြထားပါသည်။

### AI နှင့် သတင်းအချက်အလက် ပေါင်းစည်းမှု

လက်ရှိကာလတွင် AI နှင့် သတင်းအချက်အလက် ပေါင်းစည်းမှုသည် အလွန်အရေးပါလာသည်။ AI ဆိုသည်မှာ လူသားများက သတင်းအချက်အလက်များကို မည်ကဲ့သို့ ဖန်တီး၊ သုံးစွဲ၊ မျှဝေထားကြသနည်းဆိုသည်ကို အသွင်ပြောင်းထားခြင်းပင် ဖြစ်ပါသည်။

AI ကို အသုံးပြုပြီး လုပ်ဆောင်လိုက်သည့် လုပ်ဆောင်မှုအဆင့်ဆင့်တိုင်းသည် လူထုထံ ရောက်ရှိလာမည့် သတင်းစီးဆင်းမှုပုံစံများ၊ အကြောင်းအရာများဖန်တီးခြင်းနှင့် လွှမ်းမိုးမှုရှိသည့် အများပြည်သူ၏ ဖော်ထုတ်တင်ပြချက်များကို မမှန်းဆနိုင်လောက်သည့် အတိုင်းအတာအထိ ရောက်အောင် ပုံဖော်စီစဉ်ပေးနေသည်။

AI သည် သတင်းအချက်အလက်ရယူနိုင်မှုများကို မြှင့်တင်ပေးနိုင်သည့် အလားအလာကောင်းများ တည်ရှိနေသည်။ တစ်ပြိုင်နက်တည်းမှာပင် တစ်ဖက်စောင်းနင်း ခြေရာခံခြင်းများ၊ သတင်းအမှားများ၊ နက်ရှိုင်းသည့်တုပမှုနည်းပညာများ၊ မီဒီယာအတုအယောင်နှင့် အလိုအလျောက် ဆုံးဖြတ်ချက်ချလုပ်ဆောင်နေမှုနှင့် ပတ်သက်နေခြင်းစသော စိန်ခေါ်မှုများလည်း တည်ရှိနေပါသည်။

လူတစ်ဦးချင်းစီသည် AI ဖြင့် ဖန်တီးသည့် အကြောင်းအရာများကို ချင့်ချိန်စဉ်းစားပြီး အကဲဖြတ်တတ်စေရန်၊ အချက်အလက်အခြေပြုသည့် မီဒီယာ၏ သက်ရောက်မှုများကို နားလည်သဘောပေါက်ကြစေရန်၊ ဒစ်ဂျစ်တယ်နယ်ပယ်တွင် လုပ်ဆောင်မှုတိုင်းကို ချင့်ချိန် စဉ်းစားလုပ်ဆောင်ကြရန်အတွက် MIL သည် ယခင်ကထက် ပိုမို အရေးပါလာသည်။

> **✳ သတင်းမီဒီယာသမားများသည် လူထုဟောပြောချက်များအား ပုံဖော်ခြင်းနှင့် AI ဖြင့် ဖန်တီးမှုများ လုပ်ဆောင်နေသည့် ကမ္ဘာကြီးတွင် သတင်းမှားများကို တိုက်ဖျက်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေကြသည်။ မီဒီယာကဏ္ဍမှ ပြည်သူများအကြား မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုမြှင့်တင်ရေး လုပ်ဆောင်နိုင်စွမ်းအားကောင်းမည်ဆိုပါက အသိပညာဗဟုသုတရှိသော အသိုက်အဝန်းများကို ပျိုးထောင်ရန်၊ နိုင်ငံသားများအား စွမ်းဆောင်မှုမြင့်မားစေရန်နှင့် သတင်းမီဒီယာတွင် အများပြည်သူ၏ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန်အတွက် အရေးပါလာပေမည်**

AI နည်းပညာ ဆက်လက်တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုက မဖြစ်မနေ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရမည့်အချက်မှာ ယခုကဲ့သို့ အလျင်အမြန်ပြောင်းလဲနေသော ဒစ်ဂျစ်တယ် အခင်းအကျင်းကို ဖြတ်သန်းနိုင်ရန်အတွက် ပြည်သူများ အသိပညာနှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများ ပေးစွမ်းနိုင်ရေးပင် ဖြစ်သည်။

မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုနှင့် AI ဆုံမှတ်တွင် ရှိနေသည့် အဓိက စိန်ခေါ်မှုများက မည်သည့်အရာများဖြစ်မည်နည်း ဆိုသည်ကို လေ့လာအဖြေရှာကြရန် လိုအပ်လာပါသည်။ AI ၏ အခန်းကဏ္ဍ မြင့်မားလာခြင်းသည် ပြည်သူများ၏ ဖော်ထုတ်တင်ပြမှုနှင့် သတင်းအချက်အလက် ဂေဟစနစ်ကို ပုံဖော်ရာတွင် MIL အပေါ်ခိုင်မာသော ချဉ်းကပ်မှုတစ်ခုပြုလုပ်ရန် အလေးပေးတိုက်တွန်းထားပါသည်။

### AI နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း

AI မှ ပေးအပ်သော အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို တုံ့ပြန်ရန်အတွက် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများကို မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုမှ မည်ကဲ့သို့ကူညီနိုင်သည်ကို လေ့လာကြရပါမည်။ အဓိက အလေးထားရမည့် အခန်းကဏ္ဍများမှာ (၁) သတင်းအချက်အလက်နှင့် မီဒီယာအပေါ် ယုံကြည်မှု၊ (၂) MIL သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ မွမ်းမံခြင်း၊ (၃) မီဒီယာ မိတ်ဖက်များမှတစ်ဆင့် အလွတ်သဘော MIL သင်ယူမှု၊ (၄) AI နှင့် နည်းပညာမှတစ်ဆင့် အသုံးပြုသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ ဖြစ်သည်။

သတင်းအချက်အလက်နှင့် မီဒီယာအပေါ် ယုံကြည်မှုအခန်းကဏ္ဍနှင့်ပတ်သက်၍ AI မှ ထုတ်လုပ်သော အကြောင်းအရာများသည် ပိုမို ကျယ်ပြန့်လာသည်နှင့်အမျှ သတင်းရင်းမြစ်များ၏ တိကျမှုကို အကဲဖြတ်ရန်၊ မှားယွင်းသော အချက်အလက်များကိုတိုက်ဖျက်ရန်နှင့် ဒစ်ဂျစ်တယ် အခင်းအကျင်းကို မျှတစွာ ဖြတ်သန်းရန်အတွက် ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို အားကောင်းစေရန် အရေးကြီးကြောင်း ဖော်ညွှန်းထားပါသည်။

MIL သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ မွမ်းမံရေးတွင် ဒစ်ဂျစ်တယ်နယ်ပယ်ကို ဖြတ်သန်းရန် လိုအပ်သည့် ကျွမ်းကျင်မှုများ ရရှိစေရေးအတွက် ကျောင်းတွင်းနှင့် ကျောင်းပြင်ပ နှစ်မျိုးလုံးတွင် MIL ပညာရေးကို အားကောင်းစေရန် မဖြစ်မနေ လိုအပ်ပါသည်။ AI သည် သတင်းအချက်အလက် ရယူခွင့်ကို ပြန်လည်ပုံဖော်လာသည်နှင့်အမျှ ညှိနှိုင်းဆောင်ရွက်ထားသော၊ ထိရောက်ပြီး အကျိုးသက်ရောက်မှုရှိသော ကြိုးပမ်းအားထုတ်မှုများကို သေချာစေရေး အလို့ငှာ MIL ၏ ကျယ်ပြန့်သော မူဘောင်ထဲသို့ AI သိနားလည်မှုကို ပေါင်းစပ်သင့်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု ရက်သတ္တပတ်သည် ဒစ်ဂျစ်တယ်အသိုက်အဝန်း ထူထောင်ရေးနှင့် အရေးပါသော အွန်လိုင်း ပါဝင်ဆောင်ရွက်မှုများကို မြှင့်တင်ရန်အတွက် MIL ကို ကျောင်းသင်ရိုးညွှန်းတမ်း၊ တစ်သက်တာသင်ယူမှု အစီအစဉ်များနှင့် ရပ်ရွာအခြေပြုအစီအစဉ်များတွင် ပေါင်းစပ်ရန် နည်းဗျူဟာများဖော်ထုတ်ကြရန် မီးမောင်းထိုးပြနေပါသည်။

သတင်းမီဒီယာသမားများသည် လူထုဟောပြောချက်များအား ပုံဖော်ခြင်းနှင့် AI ဖြင့် ဖန်တီးမှုများ လုပ်ဆောင်နေသည့်ကမ္ဘာကြီးတွင် သတင်းမှားများကိုတိုက်ဖျက်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေကြသည်။ မီဒီယာကဏ္ဍမှ ပြည်သူများအကြား မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုမြှင့်တင်ရေး လုပ်ဆောင်နိုင်စွမ်းအားကောင်းမည်ဆိုပါက အသိပညာ ဗဟုသုတရှိသော အသိုက်အဝန်းများကို ပျိုးထောင်ရန်၊ နိုင်ငံသားများအား စွမ်းဆောင်မှုမြင့်မားစေရန်နှင့် သတင်းမီဒီယာတွင် အများပြည်သူ၏ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန်အတွက် အရေးပါလာပေမည်။

### AI ၏ သက်ရောက်မှုကို ကောင်းစွာနားလည်ရန် လိုအပ်

AI နှင့် နည်းပညာမှတစ်ဆင့် အသုံးပြုသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်ဆိုသည့် အချက်သည်လည်း အရေးပါပေသည်။ မူဝါဒချမှတ်သူများသည် အုပ်ချုပ်မှုဆိုင်ရာ မူဘောင်များ ဖော်ဆောင်ရာတွင် သတင်းအချက်အလက်အခင်းအကျင်းအပေါ် AI ၏ သက်ရောက်မှုကို ကောင်းစွာနားလည်ရန် လိုအပ်ပါသည်။ ယင်းအချက်သည် ဒီမိုကရေစီတန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ပြီး အများပြည်သူတို့၏ ဆွေးနွေးမှုများကို ကာကွယ်ပေးကာ AI မှ လှုံ့ဆော်ပေးသည့် မှားယွင်းသော သတင်းအချက်အလက်များ ပျံ့နှံ့မှုကိုလည်း ကာကွယ်ပေးနိုင်ပါမည်။

မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသည် သတင်းအချက်အလက် အပြည့်အစုံပါဝင်သော မူဝါဒများရေးဆွဲခြင်း၊ AI ခေတ်တွင် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို သေချာစေခြင်းနှင့် အားလုံးပါဝင်သော ဒစ်ဂျစ်တယ်ဂေဟစနစ်ကို မြှင့်တင်ခြင်းတို့အတွက် မူဝါဒချမှတ်သူများကို ပံ့ပိုးပေးပါလိမ့်မည်။ ထို့အပြင် အသုံးပြုသူ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို အလေးပေးသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်း အုပ်ချုပ်မှုဆိုင်ရာ MIL Action Plan ကို အခြေပြုလေ့လာကြရန်လည်း ညွှန်းဆိုထားသည်။

AI ဖြင့် အဆင့်မြှင့်တင်ထားသော ဒစ်ဂျစ်တယ် ဝန်းကျင်များအတွက် လမ်းညွှန်ချက်များ ရေးဆွဲရာတွင် MIL ကို အဓိကအစိတ်အပိုင်းများအဖြစ် လိုက်လျောညီထွေဖြစ်အောင် ချိန်ညှိဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ထားသည့် ကမ္ဘာလုံးဆိုင်ရာ ရက်သတ္တပတ်အထိမ်းအမှတ် သတင်းစကားကို ဝေမျှကာ ၂၀၂၅ ခုနှစ် Global Media and Information Literacy Week အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ကိုးကား-**

**Concept Note of Global MIL Week 2025**

> **"မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသည် သတင်းအချက်အလက် အပြည့်အစုံပါဝင်သော မူဝါဒများရေးဆွဲခြင်း၊ AI ခေတ်တွင် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို သေချာစေခြင်းနှင့် အားလုံးပါဝင်သော ဒစ်ဂျစ်တယ်ဂေဟစနစ်ကို မြှင့်တင်ခြင်းတို့အတွက် မူဝါဒချမှတ်သူများအား ပံ့ပိုးပေးပါလိမ့်မည်။ ထို့အပြင် အသုံးပြုသူ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို အလေးပေးသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်း အုပ်ချုပ်မှုဆိုင်ရာ MIL Action Plan ကို အခြေပြုလေ့လာကြရန်လည်း ညွှန်းဆိုထား"**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
**၅၈**
ရက်
သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်းအမှတ် လမ်းလျှောက်ပွဲ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေး ဆိုင်ရာကိစ္စရပ်များ၊ ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်း အမှတ် လမ်းလျှောက်ပွဲ၊ လွတ်လပ်ရေးနေ့အထိမ်း အမှတ် အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပ နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်း ဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မကြာမီကျင်းပ မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိ စေရေးအတွက် ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် ပြိုင်ပွဲဝင်အင်အားစာရင်း များအား စိစစ်ခြင်းများ၊ ပို့ဆောင်ရေးကိစ္စရပ်များ၊ အုပ်ချုပ်/ထောက်ပံ့မှုကိစ္စရပ်များ၊ ပြိုင်ပွဲတွင် စနစ် တကျဝင်ရောက်ယှဉ်ပြိုင်မှု၊ အောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး လေ့ကျင့်ဆောင်ရွက် နေမှုအခြေအနေများ၊ ပြိုင်ပွဲဝင်ပစ္စည်း ဝယ်ယူပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပေးသွားရန် လိုကြောင်း၊ မြန်မာနိုင်ငံတော်၏အလံကို တိုင်ထိပ် တွင် လွှင့်ထူနိုင်အောင် ကျရာကဏ္ဍများအလိုက် အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားရန် တာဝန်ရှိသူ များအနေဖြင့် အားကစားသမားများ သိရှိနားလည် အောင် တိုက်တွန်းမှာကြားသွားရန်လိုကြောင်း၊ ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်းအမှတ် လမ်းလျှောက် ပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတော်မှ ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ အားကစားဖြင့် နိုင်ငံ့ ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်အားကစားသမား များ ရရှိစေရေးအတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေး နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ အောင်မြင် စွာကျင်းပနိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ ကို အသေးစိတ်စီမံချက်များ စနစ်တကျရေးဆွဲ၍



တင်ပြပေးသွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေး တက်ရောက်လာကြသူများက နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် အဖွဲ့ချုပ်များ၊ အားကစားနည်း များအလိုက် စခန်းဝင်အားကစားသမားအင်အား စာရင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစား နည်းနှင့် အားကစားသမားအင်အားစာရင်းများ၊ အုပ်ချုပ်/ ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ၊ ဒီဇင်ဘာ လူထုလှုပ်ရှားမှုအထိမ်းအမှတ် လမ်းလျှောက်ပွဲနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြ ရာ ဒုတိယဝန်ကြီးများက လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဖြည့်စွက် ရှင်းလင်းကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ် ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁ - ၁၁ - ၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၄၄) တွင် ကျောင်းသူ ကျောင်းသား များကိုယ်တိုင် ပါဝင်လှူဒါန်းသည့် ကထိန် သင်္ကန်း အလှူပွဲတော်အကြောင်း သရုပ် ဖော်ထားသည့် "ကထိန်ပွဲတော် တို့နွှဲပျော်" မျက်နှာဖုံးကာတွန်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များသည် လူမှုအဖွဲ့အစည်း အတွက် အလွန်အရေးပါကြောင်း ရေးသား ထားသည့် "စိုက်ပျိုးမွေးမြူရေးကဏ္ဍရဲ့ အရေးပါပုံ" သုတဆောင်းပါးကဏ္ဍ၊ လျှောင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော် ချက်ကဏ္ဍ၊ အလှအပကိုသာမက်ပြီး ကိုယ့်မျိုးနွယ်တူများအပေါ် ပြစ်မှားမိရာက ဒုက္ခနှင့်ကြုံတွေ့ရသော ရွှေဝါအကြောင်း သရုပ်ဖော်ထားသည့် "မာနကြီးတဲ့ ရွှေဝါ" နှစ်မျက်နှာကာတွန်း၊ အစ်ကိုဖြစ်သူအား အဖေ၏ အရိုက်မခံရစေရန် အောင်မြင်စွာ




ကာကွယ်ပေးနိုင်ခဲ့သော ညီမဖြစ်သူ အကြောင်းဖတ်ရှုရမည့် "အဓိကဇာတ်ဆောင် သန္တာမ" ဝတ္ထုကဏ္ဍ၊ အချက်အပြုတ်တော် သော ထော်လေးအမေ၏ ရှယ်လက်ရာ အကြောင်းသရုပ်ဖော်ထားသည့် "ထော်လေး" တစ်မျက်နှာဟာသကာတွန်း၊ မြန်မာတို့ ၏ တန်ဆောင်တိုင်ည သဘာဝအလှနှင့် ပျော်ရွှင်မြတ်နိုးဖွယ်ရာ ဓလေ့ထုံးတမ်း အစဉ်အလာများအကြောင်း ရေးဖွဲ့ထား သည့် ဆရာမင်းရွှေမိုး၏ "တန်ဆောင်တိုင် ပွဲတော်" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာ ကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင် ငွေကျပ် ၄၀၀ နှုန်းဖြင့် စာပေ ဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူ ရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

နိုင်ငံတော် ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ် နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့် အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်အသီးသီးမှ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာ သင်တန်းဆင်းပေးနိုင်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၊ မွန်ပြည်နယ် ချောင်းဆုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ နယ်မြေခံသင်တန်း ကျောင်းခန်းမများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ဆုတံဆိပ်ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။



အဆိုပါ သင်တန်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၈၈ ဦးတို့ကို သင်တန်းကာလ ရက်ပေါင်း ၃၀ ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ် ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင် ကျွမ်းကျင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်၊ သဘောတရားရေးဆိုင်ရာဘာသာရပ်၊ စစ်မြေပြင် အင်ဂျင်နီယာ ဘာသာရပ်၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်းလက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများအား လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေဗဟုသုတရရှိစေရေးအတွက် ပြင်ပလေ့လာရေး ခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၊ ကျောက်တန်းမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဝေဠုဝန်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀ တို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



**ကျန်းမာရေးစောင့်ရှောက်**

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကန်ပြောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၁၀ တို့အား လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် ပီလခတ်ကျေးရွာအုပ်စု တော်ကလိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၅၉ ဦးအားလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် မိုးစပါးစံကွက်ရိတ်သိမ်း

**အိမ်မဲ အောက်တိုဘာ ၃၀**

အိမ်မဲမြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘုရားကြီးကုန်းကျေးရွာ ထွန်းရွှေဝါကြီးအသင်းမှ တောင်သူ ဦးထွန်းထွန်း၏ ကွင်းအမှတ် ၃၅(က)၊ ဦးပိုင်အမှတ် ၃၆/၃ လယ်မြေ ငါးဧကတွင် မိုးစပါးအထွက်တိုး GW-11 စပါးမျိုးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြသည်။



အိမ်မဲမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် အသင်းလေးသင်း၊ အသင်းသားတောင်သူ ၁၄၂ ဦး၏ မိုးစပါးသီးနှံစိုက်ပျိုးဧက ၁၂၀၀ အနက် ဘုရားကြီးကုန်းကျေးရွာမှ ထွန်းရွှေဝါကြီးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ တောင်သူ ဦးထွန်းထွန်း၏ လယ်မြေ ငါးဧကတွင် GW-11 စပါးမျိုးစံကွက် ရိတ်သိမ်းရာ တစ်ဧကအစိုတင်း ၁၁၀၊ အခြောက်တင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# ပြည်ကြီးတံခွန်မြို့နယ်၌ အသက် ၁၈ နှစ် ပြည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေး

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ မျိုးသိန်းဓမ္မာရုံနှင့် (စ)ရပ်ကွက်ရှိ အတုလဂုဏ်ရည်ဓမ္မာရုံတို့၌ မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင် ဦးဆောင်သည့်အဖွဲ့က ပန်းခင်းစီမံချက်(၃)ဖြင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် ပျောက်ဆုံး/ ပျက်စီးမိတ္တူထုတ်ပေးခြင်း ကွင်းဆင်း ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးဝင်းအောင်မျိုး၊ ရဲမှူးဇေယျာသန်း၊ ဦးသောင်းနိုင်တို့က လှည့်လည်ကြည့်ရှုသည်။ ၂၂



နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက်နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းတောင်ရိုးရှိ ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်မွမ်းမံနေမှု ကြည့်ရှုစစ်ကိုင်းခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အထွေထွေရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့်တွေ့ဆုံ



**မုံရွာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်ကိုင်းခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စူဠာမဏိကောင်းမှုတော်စေတီတော်မြတ်ကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စေတီတော်ကြီး လုံးတော်ပြည့် ပြန်လည်ပြုပြင်နေမှု၊ စေတီတော်ကြီးရင်ပြင်ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ စေတီတော်ကြီး ရင်ပြင်တော်အား နေပူခံကျောက်ပြားများခင်းကျင်းရန်ပြုပြင်နေမှု၊ စေတီတော်ကြီးတောင်ဘက်မုခ်အာရုံခံတန်ဆောင်း ပြန်လည်ပြုပြင်နေမှုများအားလိုက်လံကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံတည်ထားကိုးကွယ်နေမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် သာသနာ့ဗိမာန်တော်ကြီးပြန်လည်ပြင်ဆင်တည်ဆောက်ပြီးစီးမှု၊ စစ်ကိုင်းမြို့ ဥဏ်တော် ၁၀၈ ပေရှိ “မဟိယင်္ဏ” စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ စေတီတော်ကြီး အတက်လမ်း ပြုပြင်နေမှုများနှင့် ဥဏ်တော် ၅၄ ပေရှိ “စေတီလှ” စေတီတော်မြတ်ကြီးများ အသစ်ပြန်လည်မွမ်းမံတည်ဆောက်နေမှု၊ စစ်ကိုင်းမြို့ ပြုကံရပ်ကွက်ရှိ “အောင်သိဒ္ဓိ” စေတီတော်၊ “ဇမ္ဗူမင်္ဂလာ” စေတီတော်၊ “စက္ကဝဠာမင်းရန်သိမ်း” ဆုတောင်းပြည့်စေတီတော်၊ “ဖောင်တော်ဦး” ဆုတောင်းပြည့်စေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံနေမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် တကောင်းရပ်ကွက် “သစ္စာ”စေတီတော်ရှိ အရန်စေတီတော် ခုနစ်ဆူ ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှုများ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ပေါ်ရှိ စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်တရားရုံး၊ ခရိုင်ဥပဒေရုံးများ ပြန်လည်ပြုပြင်ပြီးစီးမှုများနှင့် ပြန်လည်ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အထွေထွေရွေးကောက်ပွဲကော်မရှင် အဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်နေမှုနှင့် စစ်ကိုင်းခရိုင်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူနေမှု၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်များအား လေးစားလိုက်နာခြင်း ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ၂၀၂၄-၂၀၂၆ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ကျင်းပသည့် “အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်များအား လေးစားလိုက်နာခြင်း” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး အစည်းအဝေးခန်းမ(၂)၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ကော်မရှင်ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးထိန်လင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများက “အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးစီမံကိန်းများနှင့် အခမ်းအနားများ (အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ)တွင် အာဏာပိုင်ရှေ့နေများ၏ ပါဝင်ဆောင်ရွက်မှု”၊ “အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ လိုက်နာမှုအပေါ် အစိုးရရှေ့နေ၏ ကြီးကြပ်မှုဆိုင်ရာ ဆောင်ရွက်မှုများ”၊ “ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ခေတ်မီနည်းပညာများ အသုံးပြုမှု” ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက “အများပြည်သူဆိုင်ရာ ဝယ်ယူရေး လုပ်ငန်းများတွင် ဖြစ်ပွားသည့် အဂတိလိုက်စားမှုများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ”၊ “အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုများနှင့် အခမ်းအနားများ(အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ)တွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု” ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သီပေါမြို့နယ်အတွင်း၌ အခြေခံပညာကျောင်း သုံးကျောင်းထပ်မံဖွင့်လှစ်၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ အမှတ်(၆)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) နှင့် အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်းတို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရသည်။



သီပေါမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်အထိ အခြေခံပညာကျောင်း ရှစ်ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း အခြေခံပညာကျောင်း ၁၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ် လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၈၃ ဦး ထပ်မံလာရောက် ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁၇၁ ဦးအထိ ရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြသည်။ ထို့ပြင် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အခြေခံပညာမူလတန်းကျောင်း (စံဖိတ်)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၂ ဦးနှင့် အတွင်းလူနာ နှစ်ဦးတို့အား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ၏ (၃၄)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး အတိုးနှုန်းသက်သာစွာဖြင့် နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ် ဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ စီမံကိန်းစတင်သည်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခု၊ မြို့နယ် ၁၈၇ မြို့နယ်မှ တောင်သူ ၅၉၂၃ ဦးသို့ ချေးငွေကျပ် ၂၆၀၂၃၃ ဒသမ ၀၉ သန်း ထုတ်ချေးပေးထားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုရှိ မြို့နယ် ၃၃ မြို့နယ်မှ တောင်သူ ၁၀၇ ဦးသို့ ချေးငွေကျပ် ၁၂၇၈၅ ဒသမ ၀၂ သန်း ထုတ်ချေးခဲ့ပါကြောင်း၊ ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်သည့် ချေးငွေလျှောက်ထားသူ တောင်သူများကို စိုက်ပျိုး/ ရိတ်သိမ်းချိန်အမီ ချေးငွေများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စနစ်တကျ စိစစ်ထုတ်ချေးနိုင်စေရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)နှင့် ဘဏ်ခွဲအဆင့်ဆင့်အနေဖြင့် ပေးဆပ်ရန်သတ်မှတ်ကာလ အချိန်စေ့လွန်ပျက်ကွက်သည့် ချေးငွေကြွေးကျန်များ မဖြစ်ပေါ်စေရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊ စီမံကိန်းအောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားရန်၊ ချေးငွေအစီအစဉ်တွင် လယ်ယာသုံးစက်ကိရိယာများ ရောင်းချသည့် ကုမ္ပဏီများအနေဖြင့်လည်း လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းအကောင်အထည်ဖော်သည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာသုံးစက်ရောင်းချသည့် ကုမ္ပဏီများ၊ တောင်သူလယ်သမားများနှင့် ချေးငွေကြီးကြပ်မှုကော်မတီအဆင့်ဆင့်အနေဖြင့် စီမံကိန်းကို စဉ်ဆက်မပြတ် အောင်မြင်ရှင်သန်စေရေး ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများက နှစ်ဆင့်ချေးငွေထုတ်ချေးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သားအိမ်ခေါင်းကင်ဆာရောဂါအခမဲ့စစ်ဆေးခြင်းနှင့် ကုသခြင်းဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ကျန်းမာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ingo PEACE.(Japan) တို့ပူးပေါင်း၍ သားအိမ်ခေါင်းကင်ဆာရောဂါ အခမဲ့စစ်ဆေးခြင်းနှင့် ကုသခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌများ၊ တိုင်းအလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်အသီးသီးမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ယဉ်ထွန်းနှင့် ဆရာ ဆရာမများ၊ ingo PEACE.(Japan) မှ ဒေါက်တာပီတာငွန်ဇကျုံးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက နှုတ်ခွန်းဆက်စကားနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကုသမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။



ယင်းနောက်တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ယဉ်ထွန်းက သားအိမ်ခေါင်းကင်ဆာ စမ်းသပ်စစ်ဆေးခြင်း ကုသပေးခြင်းအား ရှင်းလင်းတင်ပြပြီး ingo PEACE.(Japan) မှ ဒေါက်တာပီတာငွန်ဇကျုံးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး လေးထပ်တိုးချဲ့ဆောင်တွင် သားအိမ်ခေါင်းကင်ဆာ စမ်းသပ်စစ်ဆေးခြင်း၊ ကုသခြင်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ရန်ကုန်တိုင်း ဒေသကြီး တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် ယနေ့မှ စတင်၍ နိုဝင်ဘာ ၇ ရက်အထိ အမျိုးသမီးဦးရေ ၅၀၀ ခန့်ကို အပတ်စဉ် ကြာသပတေး၊ သောကြာနေ့များတွင် အခမဲ့ စစ်ဆေး၊ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ အများပြည်သူများအား ပန်းခင်းစီမံချက် အဆင့်-၃ဖြင့် အောက်တိုဘာ ၂၈ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်း (UID) များ ဆောင်ရွက်ခဲ့သည်။

အဆိုပါ နိုင်ငံသားကွင်းဆင်းဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက မွေးရာပါ နှလုံးရောဂါလူနာ ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး၊ ခွဲစိတ်ကုသရန် လိုအပ်သည့် ကလေးလူနာများကို ယူနန်ပြည်နယ်ရှိ ဖူးဝေဆေးရုံသို့ အခမဲ့ခေါ်ဆောင်ကုသပေးသွားမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံကြီး ကလေးအထူးကုဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဖူးဝေဆေးရုံ Chinese Academy of Medical Science တို့ ပူးပေါင်းပြီး နှစ်နိုင်ငံချစ်ကြည်ရေး ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အဖြစ် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက မွေးရာပါနှလုံးရောဂါလူနာကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယမန်နေ့က ရန်ကင်းကလေးဆေးရုံကြီး၌ ဆောင်ရွက်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နှစ်နိုင်ငံ နှလုံးရောဂါကု ဆရာဝန်များက ဆေးရုံသို့ လာရောက် ဆေးကုသသည့် မွေးရာပါ နှလုံးရောဂါလူနာကလေးငယ် ၂၈ ဦးကို ကျန်းမာရေး စစ်ဆေးဆောင်ရွက်ပေးခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သည့် ကလေးလူနာများကို ယူနန်ပြည်နယ်ရှိ ဖူးဝေဆေးရုံသို့ အခမဲ့ ခေါ်ဆောင် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။




နှစ်နိုင်ငံချစ်ကြည်ရေး ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အဖြစ် ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာနမှ ထောက်ပံ့လှူဒါန်းပြီး Kunming Yundi Behavior and Health Research Center(China) နှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် အောက်တိုဘာ ၂၅ ရက်ကလည်း ရန်ကင်းကလေးဆေးရုံကြီး၌ ဆေးကုသနေသည့် အသက်ခြောက်လမှ ကိုးနှစ်အရွယ် မွေးရာပါနှလုံးရောဂါလူနာကလေးငယ် တစ်ဦးချင်းစီအတွက် သုံးလစာ အာဟာရဖြည့်စွက်စာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ




**နေပြည်တော် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျုံကန်ကျေးရွာအုပ်စု မိုးစပါးစံပြ ဧက ၁၀၀ စိုက်ခင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ တိုင်းဒေသကြီးနှင့် ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဝင် များ၊ မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ စိုက်ပျိုးရေးကြီးကြပ် မှုကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး များနှင့် တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက သီးနှံများ၏ ပန်းတိုင် အထွက်နှုန်းရရှိရေးတွင် အရေးကြီးသော မျိုး၊ မြေ၊ ရေ၊ နည်းပညာပေးလုပ်ငန်းများ စီမံဆောင်ရွက်ပေး ရာတွင် မျိုးစေ့ဆိုင်ရာနည်းပညာနှင့်အတူ မြေဆီလွှာ ဆိုင်ရာ သိစရာများ၊ ရေစီမံခန့်ခွဲမှုသိစရာများကို တစ်ပါတည်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မျိုးစေ့ကဏ္ဍတွင် တစ်နိုင်ငံလုံးလိုအပ်ချက်ကို လွှမ်းခြုံနိုင်ရန် ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများ အပြင် တောင်သူလယ်သမားများကိုယ်တိုင်က အရည်အသွေးပြည့်မီသော မျိုးစေ့များထုတ်လုပ်သုံးစွဲ နိုင်ကြစေရန် ဌာနပညာရှင်များက မျိုးစေ့နည်းပညာ နှင့် တောင်သူ၏ အခက်ခဲများကို အတူဖြေရှင်းခြင်း၊ တောင်သူလယ်သမားများ နားလည်အောင် လက်တွေ့ နည်းပညာပေးခြင်း၊ မျိုးစေ့ထုတ် သမဝါယမအသင်း ဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည် များ ညှိနှိုင်းပေါင်းစပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူလယ်သမား ကြီးများ လိုအပ်သော အရည်အသွေးကောင်း မျိုးစေ့များ လုံလောက်စွာရရှိသုံးစွဲနိုင်ရေးအတွက်၊ ကိုယ့်အားကိုယ်ကိုး စိုက်ပျိုးထုတ်လုပ်နိုင်မှသာ ရေရှည်တည်တံ့မည်ဖြစ်ကြောင်း၊ စပါးအပြီး ပဲတီ စိမ်းစိုက်ပျိုးရန်အတွက် ကောက်ရိုးနှင့် ရိုးပြတ်များကို စက်အားသုံး၍ စနစ်တကျဖယ်ရှားခြင်း၊ မီးမရှို့ဘဲ သဘာဝမြေဆွေး ပြုလုပ်သုံးစွဲခြင်း၊ အချိန်အခါမဟုတ် မိုးကိုကာကွယ်ရန် ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုး ခြင်းတို့ဆောင်ရွက်ရန် လိုအပ်ပြီး ပိုးသတ်ဆေးသုံးစွဲမှု ကိုလျှော့ချရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တောင်သူများ နှင့်အတူ တောင်သူ ဦးဝင်းမြင့် ၏ ကွင်းအမှတ် (၆၃၈ B) ဦးပိုင်အမှတ် (၃၄)တွင် ပေါင်စနစ်ဖြင့် ပျိုးထောင် စိုက်ပျိုးထားသော မော်ဘီ-၃ စပါးမျိုးအား ရိတ်သိမ်း ခြွေလှေ့စက်ဖြင့် အကွက်အကျယ် စံကွက်ရိတ်သိမ်း နေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါစံကွက် ရိတ်သိမ်းပွဲတွင် အစိုအထွက်နှုန်း ၁၂၇ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ အောက်တို ဘာ ၁၄ ရက်တွင် ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၇ ရက်တွင် ပဲခူး မြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ အုတ်တွင်းမြို့နယ် နှင့် ပေါက်ခေါင်းမြို့နယ်တို့အတွင်း ၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၂၃၂ တန်၊ အခြားသစ် ၃ ဒသမ ၇၁၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၆၀၆၀)ကို သစ်တောဥပဒေ အရလည်းကောင်း စုစုပေါင်း ခန့် မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၇၆၀၆၀ ကို ဖမ်းဆီး အရေးယူဆောင်ရွက် လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၈ ရက်တွင် ရတနာပုံတံတား စစ်ဆေးရေးဂိတ်၌ မော်တော် ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၄၉၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Isuzu Van တစ်စီး (ခန့် မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း များနှင့်အညီ အမှုတွဲဖွင့်လုပ် ထားရှိသည်။

အလားတူ အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မြန်မာ့စက်မှုဆိပ်ကမ်း ၌ ကုန်သေတ္တာတစ်လုံးအတွင်း မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၃၀၉၁၉) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန် သေတ္တာ နှစ်လုံးအတွင်းမှ တရား ဝင်စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး(ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၆၃၈၈၀၄)ကို လည်းကောင်း ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် နှစ်ဦး၏ ဝန်စည်များအတွင်း မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လျှပ်စစ်ပစ္စည်း ၂၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၃၀၀၀၀၀) ကိုလည်းကောင်း၊ မိုင်းဆတ်မြို့နယ် ဆိုက်ခေါင် ကျေးရွာအနီး လမ်းဘေးတစ်နေရာ ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့် မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၇၉၅၆၉၇၂၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိ သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစု ပေါင်းမှာ အမှုတွဲ(၁၂)မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၇၁၄၄၅၇၈၃)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော် ၏ စီးပွားရေးဦးတည်ချက်များနှင့် အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရာ တွင် တရားမဝင်ကုန်သွယ်မှုများ သည်အဓိကအဟန့်အတားဖြစ်ပေါ် စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်း များကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို ၍ တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေး ဦးဆောင်ကော်မတီမှ သတင်း ရရှိသည်။

**သတင်းစဉ်**



# အသက် (၁၀၀) ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် နှစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူး ချစ်လွင်(အငြိမ်းစား)နှင့် လသာမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ဒုတိယအရာခံဗိုလ် အောင်မြင့်(အငြိမ်းစား)တို့အား ရန်ကုန် တိုင်းဒေသကြီး(စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် အသက် ၁၀၀ ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာတာဝန်ရှိသူများက အသက် (၁၀၀) ပြည့် ဗိုလ်မှူး ချစ်လွင် (အငြိမ်းစား)နှင့် ဒုတိယအရာခံဗိုလ် အောင်မြင့်(အငြိမ်းစား)တို့အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုဌာနချုပ်၊ ရန်ကုန်တိုင်းဒေသကြီး(စည်ပင်အတွင်း) စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးအဖွဲ့၊ အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လသာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြု ချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မော်လမြိုင်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိ ပညာပေးစစ်ဆေးခြင်းကို အောက်တိုဘာ ၃၀ ရက်က မြို့နယ်စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် တာဝန်ရှိသူများက စက်သုံးဆီ အရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ပိုင် ဒါးပိန်ဈေး၊ သရက်ကုန်းဈေးနှင့် လှည်းကူးမြို့မ ဈေးတို့ရှိ ဈေးဆိုင်ခန်းများတွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထား ခြင်း ရှိ မရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်မင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးယုလွင်နှင့်အဖွဲ့ အောက်တို ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၃၀

**၁၃၈၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်းကြသည်။**



ထိုသို့ လှူဒါန်းရာတွင် (ဗိုလ်ချုပ်ကြီး မဟာသရေစည်သူ စိုးဝင်း)နှင့်ဇနီး သီရိပျံချီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့ (မလေး-မုံရွာ) မိသားစုနှင့် ဦးကျော်ညွန့်ရည် - ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)တို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ စာရေးဆရာ မြင့်စိုး (နတလ)က ငွေကျပ်ခုနစ်သိန်း၊ သာကေတမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ် သုံးသိန်း၊ ဝဏ္ဏကျော်ထင် ဦးသိုက်ထွန်း - အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့ကြည် မိသားစု၊ ဦးမောင်မောင်မြင့်အေး - ဒေါက်တာစောယုနွယ် (လာဘ်မိုးဆွေ စာပေတိုက်)နှင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်နှစ်သိန်းစီ၊ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းက ထပ်မံလှူဒါန်းငွေကျပ် ၁၂၀၀၀၀၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)(ညိုထွေး)၊ ဒုတိယဗိုလ်မှူး ကြီးဖေငြိမ်း(ငြိမ်း) (ကျော်စောဟန်)၊ သူရဇော်-(ခင်-တိုင်းရင်းမေ)၊ စာရေးဆရာ တင့်တယ်မိသားစု၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးစောငွေ (မောင်ငွေအိုး)၊ ရေနံ့သာဝင်းမောင်၊ စာရေးဆရာမညှ မင်းသက်နိုင်၊ အမျိုးသားစာပေဆုရ ရွှေဒါးမောင်မြင့်ထွန်း၊ ဦးသာစိန် (ကပ္ပတိန် သာစိန်)၊ စာရေးဆရာမ မေဗေရယ်မိုး၊ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့၊ သံဖြူဇရပ်မြို့နယ် စာရေးဆရာအသင်း၊ မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း၊ ကြည့်မြင်တိုင်မြို့နယ် စာရေးဆရာအသင်း၊ ပုသိမ်မြို့နယ် စာရေးဆရာအသင်းနှင့် ကော့မှူးမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးဝင်းနိုင် (မင်းဆက်ပိုင်)၊ ဦးဗညွှန့်(ကျွန်းစဉ်မြေစောခက်)၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်းနှင့် တိုက်ကြီးမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးမောင်ကျော့(မောင်မောင်ကျော့-ပလက်ဝ)က ငွေကျပ်လေးသောင်း၊ ဆရာမောင်ခေတ်ထွန်း - ဒေါ်မြင့်မြင့်ရီ (ဒေါ်လေးမြင့်မြင့်ရီ)၊ သဥ္ဇာလှိုင်(လားရှိုး)နှင့် ပေါင်းတည်မြို့နယ် စာရေးဆရာအသင်းက ငွေကျပ်သုံးသောင်းစီ၊ ဒေါ်တင်သိန်းလှ (တက္ကသိုလ်ပွင့်လန်း)၊ သာပေါင်းမြို့နယ် စာရေးဆရာအသင်းနှင့် သန်လျင်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်နှစ်သောင်းစီ၊ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးစိုးဝင်း (တက္ကသိုလ် စိုးယဉ်)- စာရေးဆရာမ (မလေးယဉ်) မိသားစုက ငွေကျပ် ၂၉ သိန်းတန်ဖိုးရှိ စာအုပ်များ၊ စာရေးဆရာမ ပွင့်(ရန်ကုန်)က ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ စာအုပ်များနှင့် ချင်းဗုဒ္ဓသာသနပါလကအဖွဲ့ (ဗဟို) က ငွေကျပ် ၄၀၅၀၀၀ တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) နှင့် အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇) လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ - ၂၅၂၄၁၇၊ ၀၉ - ၄၅၀၀၉၀၄၈၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၃၀**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ကျိုက်မရောမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**ကျိုက်မရော အောက်တိုဘာ ၃၀**

မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို မော်လမြိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ကျိုက်မရောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျိုက်မရော(ပြန်/ ဆက်)



## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Earth Renewable Energy Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် G-Energy Plus Myanmar Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သိရသည်။

သတင်းစဉ်



## ရွှေတောင်မြို့နယ်၌ ကိုယ်ဝန်ဆောင်နှင့် ငါးနှစ်အောက်ကလေးငယ်များအား ကျန်းမာရေးအသိပညာပေးဟောပြော

**ရွှေတောင် အောက်တိုဘာ ၃၀**

ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ဦးဆောင်မှုဖြင့် ကိုယ်ဝန်ဆောင်နှင့် ငါးနှစ်အောက်ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကိုယ်ဝန်ဆောင်မိခင် ၂၀ နှင့် ငါးနှစ်အောက်ကလေးငယ် ၁၅ ဦးတို့အား ဦးစီးအရာရှိ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာရဲမြင့်စိုး၊ မြို့နယ်ကျန်းမာရေးမှူးအဆင့် ( ၁) ဦးကိုကိုကြီးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်ချိန်တွင် ဖြစ်ပွားတတ်သော သွားနှင့်ခံတွင်းဆိုင်ရာ ဆက်စပ်သောရောဂါများအကြောင်းနှင့် ငါးနှစ်အောက်ကလေးငယ်များတွင် ဖြစ်ပွားမှုများသည့် သွားပိုးစားရောဂါများအကြောင်း ကျန်းမာရေးအသိပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ကိုကိုမင်း ( ပြန်/ဆက်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၁ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦးထပ်မံစစ်ဆေးနိုင်ခဲ့



နေပြည်တော် အောက်တိုဘာ ၃၀

**နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု အပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။**

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၂၀၊ နီပေါနိုင်ငံသားနှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၁ ဦးအား ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၉၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၅၉၆ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လောင်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



ပင်လောင်းမြို့နယ်၌ တရားခံ ရှိုင်းဗိုလ်(ခ)ငမော့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၃၀

ပင်လောင်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် သတင်းအရ ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် ရှိုင်းဗိုလ်(ခ)ငမော့ မောင်းနှင်လာသော DONGFENG မော်တော်ယာဉ်ပေါ်မှ ဘိန်းဆီခဲ ၇၄ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၉ ကီလို၊ အက်တက်စီဆေးပြား ၁၀၀၀၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်းတို့အား ဖမ်းဆီးရမိခဲ့ကြောင်း၊ သတင်းကွင်းဆက်အရ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ည) ရပ်ကွက် ၅၅ x ၅၆ လမ်းကြားနှင့် ၁၄၁ x ၁၄၂ လမ်းကြားတွင် ဇင်ဖြိုးဦး(ခ)ကိုဖြိုးအား NISSAN ၁၂ ဘီး မော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၇၇၅ ဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို (ဒေသတန်ဖိုးငွေကျပ် ၁၅၄၂ ဒသမ ၅ သိန်း)၊ ဘိန်းဆီခဲ ၇၄ ကီလို (ဒေသတန်ဖိုးငွေကျပ် သိန်း ၁၄၈၀)၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၉ ဒသမ ၇၇၅ ကီလို (ဒေသတန်ဖိုးငွေကျပ်သိန်း ၆၃၃၀)၊ အက်တက်စီဆေးပြား ၁၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၄၅၀)၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို (ဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၂၀)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်း(ဒေသတန်ဖိုးငွေကျပ်သိန်း ၅၇၀)၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၄၉၂၅ ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေး ပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ မော်တော်ယာဉ်နှစ်စီး၏ပိုင်ရှင် ရဲစိုးဦး(ခ) ရဲနိုင် (ဖမ်းဆီးရန်ကျန်)သည် မိုင်းရယ်မြို့မှ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများအား ကရင်ပြည်နယ် ဘားအံမြို့သို့လည်းကောင်း၊ မန္တလေးမြို့သို့လည်းကောင်း၊ ဘုတလင်မြို့နယ်နေ ရာဇာလင်း(ခ) မော်စီ (ဖမ်းဆီးရန်ကျန်)နှင့် ရှိုင်းဗိုလ်(ခ)ငမော့တို့အား သယ်ဆောင် ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် ပညာသင်စရိတ်ထောက်ပံ့မှု အကျိုးခံစားခွင့်များပေးအပ်

**သရက် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားရှိသော အလုပ်ဌာန ၂၉ ဌာနမှ အာမခံအလုပ်သမားများသို့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အချိန်ပြည့်ပညာသင်ကြားနေသော ပညာသင်ဆိုင်ရာ မိသားစုအကျိုးခံစားခွင့်နှင့် မန္တလေးငလျင်ဘေးသင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်က သရက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သရက်မြို့နယ် လူမှုဖူလုံရေးရုံး ရုံးခွဲတာဝန်ခံက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများနှင့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ရုံးခွဲ တာဝန်ခံက အလုပ်ဌာနများကိုယ်စား ကမ္ဘာ့ရတနာဘဏ်မှ လက်ထောက်မန်နေဂျာထံသို့ အာမခံအလုပ်သမား ၅၅ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၄၉၄၁၆၅၇ နှင့် အာမခံအလုပ်သမား ၂၇၅ ဦး၏ ကျောင်းနေသားသမီးဦးရေ ၃၆၅ ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေကျပ် ၁၆၄၅၅၀၀၀ ကို ပေးအပ်ခဲ့ပြီး အကျိုးခံစားခွင့်နှစ်မျိုးပေါင်းအတွက် စုစုပေါင်း ငွေကျပ် နှစ်ရာတစ်ဆယ့်သုံးသိန်း ကိုးသောင်းကျော်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မင်းဘူးမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဝေဟိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားခြင်း ရှိ မရှိ အောက်တိုဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။** ဇေယျာနိုင်(ရွှေကန်မြေ)

❏ *ကျောဖုံးမှ*

ရှိလာပြီဖြစ်သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဩဂုတ် ၁၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ကွန်မြူနတီဒိုင်းလုပွဲတွင် လီဗာပူးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို စက်တင်ဘာ ၂၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် ၆ တွင်လည်း လီဗာပူးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူထားသည် ။

လီဗာပူးအသင်းမှ ခံစစ်ကစားသမား အမရာနယ်လိုသည် ပွဲချိန် ၇၉ မိနစ်တွင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ခရစ္စတယ်ပဲလေ့စ်အသင်းကသာ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ဖန်တီးမှုများနှင့်အတူ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး သွင်းဂိုးများရယူကာ အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

အခြား ပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က ဘရိုက်တန်ကို နှစ်ဂိုး-ဂိုးမရှိ၊ မန်စီးတီးက ဆွမ်ဆီးကို သုံးဂိုး - တစ်ဂိုး၊ ချယ်ဆီးက ဝုဖ်ကို အကြိတ်အနယ်ကစားပြီး လေးဂိုး-သုံးဂိုး၊ နယူးကာဆယ်က စပါးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။

**အော်ဇော်**

# ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတတို့ တွေ့ဆုံ

**ဆိုးလ် အောက်တိုဘာ ၃၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အောက်တိုဘာ ၃၀ ရက်က တောင်ကိုရီးယားနိုင်ငံ ဘူဆန်ရှိ ဂင်ဟေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ တရုတ်သမ္မတရှီကျင့်ဖျင်သည် နှစ်ပေါင်း ၁၁ နှစ်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခဲ့ခြင်းဖြစ်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် နှစ်ပေါင်းခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကုန်သွယ်ရေးကိစ္စရပ်များ ဆွေးနွေးအဖြေရှာခဲ့ကြောင်း သိရသည်။ ခေါင်းဆောင်နှစ်ဦးသည် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင်ကျင်းပသည့် ဂျီ-၂၀ အစည်းအဝေး၌ နောက်ဆုံးတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံမှုသည် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်ကြောင်းနှင့် ယခုလိုတွေ့ဆုံခြင်းဖြင့် နိုင်ငံအချင်းချင်းကြား နားလည်မှုလွဲမှားမှုများကို ကာကွယ်သွားနိုင်မည်ဟု ယူဆရကြောင်း အာရှလုံခြုံရေးရာ ကျွမ်းကျင်ပညာရှင် ကန်နက်ဝိန်စတိန်းက ပြောကြားသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်၏ တောင်ကိုရီးယားခရီးစဉ်သည် ၂၀၁၄ ခုနှစ်ဇူလိုင်လကတည်းမှစကာ ပထမဆုံးအကြိမ်ဖြစ်သည်။ ၂၀၂၅ ခုနှစ်သည် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် လက်မှတ်ရေးထိုးခြင်း ၁၀ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့လည်းဖြစ်သည်။ အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) ထိပ်သီးအစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံ မြောက်ဂျောင်ဆန်ပြည်နယ် ဂျုံဂျူးတွင် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ၊ သည်ကိုရီးယားဟာရဲလ်



# ဟာရီကိန်းမုန်တိုင်း မယ်လစ်ဆာကြောင့် ပျက်စီးခဲ့ရသည့်ကာရေဘီယံဒေသများသို့ အကူအညီပေးရန် ကုလသမဂ္ဂ ဆောင်ရွက်

**ဂျီနီဗာ အောက်တိုဘာ ၃၀**

ဟာရီကိန်းမုန်တိုင်းမယ်လစ်ဆာကြောင့် ပျက်စီးခဲ့သည့် ကာရေဘီယံဒေသများသို့ အကူအညီများ အမြန်ပေးနိုင်ရေး ကုလသမဂ္ဂက အမြန်ဆောင်ရွက်လျက်ရှိသည်။ မုန်တိုင်းဒဏ်ကြောင့် အခြေခံအဆောက်အအုံများပျက်စီးမှုမှာ မကြုံစဖူးဖြစ်ကြောင်း ကုလသမဂ္ဂ ဒေသတွင်းညှိနှိုင်းရေးမှူးတစ်ဦးက ပြောကြားသည်။

ဟာရီကိန်းမုန်တိုင်းသည် ကာရေဘီယံပင်လယ်တွင် မြောက်ဘက်သို့ရွေ့လျားမှုကြောင့် ဂျမေကာ၊ ဟေတီ၊ ကျူးဘားနှင့် အခြားနိုင်ငံများ၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့် ရေလွှမ်းမှုတို့ဖြစ်ပေါ်ခဲ့သည်။ အဆိုပါမုန်တိုင်းကို အဆင့်၄ ဟာရီကိန်းမုန်တိုင်းအဖြစ် သတ်မှတ်ခဲ့ပြီး အပြင်းထန်ဆုံးမုန်တိုင်းတစ်ခုဖြစ်ခဲ့သည်။

မုန်တိုင်းကြောင့် ဟေတီနိုင်ငံတွင် ၂၃ ဦးခန့် သေဆုံးခဲ့ပြီး ဂျမေကာတွင် လေးဦးသေဆုံးခဲ့သည်ဟု သိရသည်။ ပျောက်ဆုံးနေသူများလည်း များပြားကြောင်း သိရသည်။ ကုလသမဂ္ဂ၏ အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဟာရီကိန်းမုန်တိုင်း မယ်လစ်ဆာ၏ဒဏ်ကို မခံစားရသောကျွန်းဟူ၍မရှိဟု ဂျမေကာနိုင်ငံရှိ ကုလသမဂ္ဂညှိနှိုင်းရေးမှူးက ပြောသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဝန်ထမ်းများသည် အစားအသောက်၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ မီးစက်များနှင့် အခြားအရေးပေါ်သုံးပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းတို့ဖြင့် ပို့ဆောင်ရန် အလျင်အမြန် လုပ်ဆောင်လျက်ရှိသည်ဟု ကုလသမဂ္ဂက ပြောသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီအိုကလည်း ဂျမေကာ၊ ဘဟားမားစ်၊ ဟေတီနှင့် ဒိုမီနီကန်သမ္မတနိုင်ငံများမှ အစိုးရများနှင့် အဆက်အသွယ်ရှိကြောင်း ပြောကြားခဲ့သည်။ အဆိုပါနိုင်ငံများမှ အစိုးရများသည် မုန်တိုင်း၏ ဆိုးရွားသောသက်ရောက်မှုများကို ရင်ဆိုင်နေရကြောင်း ၎င်းက မှတ်ချက်ချပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်ထုတ် ကားမော်ဒယ်များ ဂျပန်သို့တင်သွင်းရန် တိုယိုတာစီစဉ်

**တိုကျို အောက်တိုဘာ ၃၀**

အမေရိကန်ထုတ် ကားမော်ဒယ်များ ဂျပန်နိုင်ငံသို့ တင်သွင်းရန် တိုယိုတာ ကုမ္ပဏီက စီစဉ်လျက်ရှိသည်ဟုသိရသည်။ အမေရိကန်၏ကုန်သွယ်ရေးလိုငွေပြမှုကိုဖြတ်တောက်ရာတွင် ကူညီရန်ရည်ရွယ်၍ အမေရိကန်ထုတ်ကားများ တင်သွင်းရန် စီစဉ်ခြင်းဖြစ်သည်။

ကုန်သွယ်ရေး သဘောတူညီချက် အစိတ်အပိုင်းတစ်ခုအနေဖြင့် ကုန်သွယ်ရေးတင်းမာမှုကို ဖြေရှင်းရန် ဂျပန်အစိုးရက ကတိပြုထားသည်။ Camry sedan ကားအမျိုးအစားသည် ဂျပန်ပြည်တွင်းဈေးကွက်သို့ တင်သွင်းရန် စဉ်းစားနေသည့် ကားအမျိုးအစားတွင် ပါဝင်သည်ဟု ကုမ္ပဏီက ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏တိုကျိုခရီးစဉ်အတွင်း ဂျပန်စီးပွားရေးခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ အမေရိကန်သမ္မတ တွေ့ဆုံခဲ့သည့် စီးပွားရေးခေါင်းဆောင်များထဲတွင် တိုယိုတာကုမ္ပဏီဥက္ကဋ္ဌ တိုယိုဒါအာကီယိုလည်းပါဝင်သည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံစီးပွားရေးအမြင်များကို ဆွေးနွေးခဲ့ကြသည်။ နစ်ဆန်းကုမ္ပဏီသည်လည်း အမေရိကန်ထုတ်ကားများတင်သွင်းရန်စဉ်းစားနေသည့်နောက်ထပ်ကားကုမ္ပဏီတစ်ခုဖြစ်ပြီး ဂျပန်၏ ကားလိုအပ်ချက်နှင့် အကျိုးဖြစ်ထွန်းမှုအပေါ် စစ်ဆေးနေသည်ဟု ကုမ္ပဏီက ပြောသည်။ **အင်န်အိတ်ချ်ကေ**



# ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ အလုပ်သမား တစ်သိန်းနှစ်သောင်းကျော် စေလွှတ်

**ဟန္နိုင်း အောက်တိုဘာ ၃၀**



ပြည်ပသို့ အလုပ်လုပ်ကိုင်ရန် သွားရောက်သည့် ဗီယက်နမ်အလုပ်သမားများကို တွေ့ရစဉ်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံခြားသို့ အလုပ်သမား ၁၂၁၀၉၀ စေလွှတ်ခဲ့ကြောင်း၊ အဆိုပါ အရေအတွက်မှာ နှစ်စဉ်သတ်မှတ်ထားသည့် အရေအတွက် ၉၃ ဒသမ ၂ ရာခိုင်နှုန်းသို့ ရောက်ရှိလာကြောင်း ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ပြည်ပအလုပ်အကိုင်ဦးစီးဌာနက အောက်တိုဘာ ၃၀ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံသည် ဗီယက်နမ်အလုပ်သမားများအတွက် အကြီးမားဆုံးသွားရောက်သည့် ခရီးစဉ်ဖြစ်ပြီး ယခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နမ်အလုပ်သမား ၅၅၀၄၉ ဦးကို လက်ခံခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

ပြည်ပရှိ ဗီယက်နမ် အလုပ်သမားများသည် ခိုင်မာသည့်ဝင်ငွေများရရှိပြီး တူညီသောနယ်ပယ်များတွင် ပြည်တွင်း၌ အလုပ် လုပ်ကိုင်သူများထက် သိသိသာသာ ဝင်ငွေပိုများကာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံမှ ၇ ဘီလီယံခန့်အထိ မွေးရပ်မြေသို့ ပေးပို့နိုင်ခဲ့ကြောင်း အဆိုပါဌာန၏ ယာယီညွှန်ကြားရေးမှူး Vu Truong Giang က ပြောကြားသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ပြည်ပသို့ စေလွှတ်သည့် ဗီယက်နမ် အလုပ်သမားစုစုပေါင်း အရေအတွက်မှာ ယခုနှစ်ကုန်တွင် ၆၃၆၀၀၀ ရှိရန် ခန့်မှန်းထားကြောင်း အဆိုပါဌာနက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# ပါကစ္စတန်အကျဉ်းထောင်များမှ လွတ်မြောက်လာသူ အာဖဂန်အကျဉ်းသား ၃၀၅ ဦး နေရပ်သို့ ပြန်လည်ရောက်ရှိ

**ကဘူးလ် အောက်တိုဘာ ၃၀**

လွန်ခဲ့သည့် သီတင်းပတ်အတွင်း ပါကစ္စတန်အကျဉ်းထောင်များမှ အာဖဂန်အကျဉ်းသား စုစုပေါင်း ၃၀၅ ဦး လွတ်မြောက်လာခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံသို့ ဘေးကင်းစွာ ပြန်လည်ရောက်ရှိလာကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၀ ရက်တွင် ကြေညာသည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်းရှိ နေရာအသီးသီးတွင် တရားစွဲဆိုခံရပြီး တစ်ရက်မှ နှစ်လအထိ ပြစ်ဒဏ်ချမှတ်ခံရ၍ ပြန်လည်လွတ်မြောက်လာသူများမှာ ကန်ဒါဟာပြည်နယ်တောင်ပိုင်း စပင်ဘော်ဒတ်နယ်စပ်ဖြတ်ကျော်နေရာမှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတို့ ရောက်ရှိချိန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ချက်ချင်းရရှိခဲ့ပြီး ပြန်လည်ပေါင်းစည်းရေးအကူအညီအဖြစ် မိမိတို့ပြည်နယ်ရှိ နေအိမ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# လယ်ဝေးမြို့နယ်၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျောင်းဆောင်သစ်များဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် အောက်တိုဘာ ၂၈ ရက်က တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ရှမ်းစုကျေးရွာ၌ ပလွေးချောင်းရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဖြစ်သည့် အရှည် ပေ ၁၁၀၀ ကို မျှောတိုင်စိုက်ခြင်း၊ အရှည်ပေ ၅၀၀ မျှောတန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအချိန်မီပြီးစီးရေးနှင့် ခိုင်ခံ့မှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်ဆောက်လုပ်ရန်အတွက် လျာထားသည့် မြေနေရာကို သွားရောက်ကြည့်ရှုကာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာနှင့် ဝက္ကမူကျေးရွာတို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သနပ်ပင်မြို့နယ်၌ သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေး

**သနပ်ပင် အောက်တိုဘာ ၃၀**

သနပ်ပင်မြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန မန်နေဂျာ ဦးသိန်းဆွေဦးက အမှာစကားပြောကြားပြီး ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်စန်းကြည်က မိမိတို့မြို့နယ်သည် ပြည်ပပို့ကုန်သီးနှံဖြစ်သည့် စပါးနှင့်ပဲကို အဓိက စိုက်ပျိုးကြသဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ကာ ဈေးကွက်ဝင်အောင် ယှဉ်ပြိုင်ရောင်းချနိုင်ရေး ပူးပေါင်းကြိုးစားဆောင်ရွက်သွားစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ဝင်းဝင်းခိုင်က မိုးစပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး မြေနမူနာယူခြင်းနှင့် မြေဩဇာကျွေးခြင်း နည်းစနစ်များ ဆွေးနွေးပြီး ပဲခူးခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်စန်းဝင်းက မျိုးကောင်းမျိုးသန့်မျိုးစေ့ပွားများခြင်း နည်းပညာတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ မိုးစပါးစံပြစိုက်ခင်းအကွက်ကျယ် ဧက ၁၀၀ တွင် စံကွက်ရိတ်သိမ်း

**မိုးနဲ အောက်တိုဘာ ၃၀**

မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာ



အုပ်စု မိုးစပါးပန်းတိုင်ရရှိရေး အကွက်ကျယ် ဧက ၁၀၀ စံပြစိုက်ခင်းတွင် စိုက်ပျိုးထားသော DU-12 စံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၉ ရက်က ဆောင်ရွက်သည်။

မိုးစပါး စံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ပြီး တာဝန်ရှိသူများက စံကွက်ရိတ်သိမ်းမည့် လယ်ကွက်တွင် ၀ ဒသမ ၁၀ ဧကရှိ ကောက်ကွက်အနံ့ပါပင်ပွား၊ တစ်ပင်ပါ အောင်စေ့၊ အစေ့ ၁၀၀၀ အလေးချိန်စသည့် စံနှုန်းတိုင်းတာခြင်းများ ဆောင်ရွက်ရာ စပါးအစိုတစ်ဧက အထွက်နှုန်း တင်း ၁၂၀၊ အခြောက် တစ်ဧကအထွက်နှုန်း ၁၀၃ တင်း ထွက်ရှိကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# တွံတေးမြို့၌ အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းဆောင်ရွက်

**တွံတေး အောက်တိုဘာ ၃၀**

တွံတေးမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အသက် ၇၀ နှင့်အထက်ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးဇော်လှနှင့် ကျန်းမာရေးဝန်ထမ်းများက အဘိုးအဘွားများအား သွေးပေါင်ချိန်ခြင်း၊ ဆေးပေးခြင်း၊ ဆေးထိုးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



ဒက္ခိဏသီရိမြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ လျော့နည်းကျဆင်းစေရေးအတွက် အောက်တိုဘာ ၂၉ ရက်တွင် စက်သုံးဆီအရောင်းဆိုင်များအား မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသိန်းနိုင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ပလောက်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ အသိပညာပေး

**ပလောက် အောက်တိုဘာ ၃၀**

ပလောက်မြို့၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးခြင်းဆိုင်ရာများ အသိပညာပေးခြင်းကို အောက်တိုဘာ ၂၈ ရက်က နန်းတောင်ကျေးရွာ အမကကျောင်းခန်းမ၌ ကျင်းပသည်။

ထိုသို့အသိပညာပေးဆောင်ရွက်ရာတွင် ပုလောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိ ဦးကျော်လွင်က မြန်မာအီလက်ထရောနစ်စနစ်ဖြင့် အသုံးပြု၍ မဲပေးရခြင်း၏ ရည်ရွယ်ချက်၊ မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပါဝင်သည့် ဆက်စပ်ပစ္စည်းများ၊ မဲပေးစက်များကို ကိုင်တွယ်အသုံးပြုခြင်း၊ မဲရလဒ်များ၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။ **ပလောက်(ပြန်/ဆက်)**



# စစ်တွေမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသ

**စစ်တွေ အောက်တိုဘာ ၃၀**

စစ်တွေမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယမန်နေ့က မြို့နယ်မိခင်နှင့်ကလေးဌာနရုံး၌ ဆောင်ရွက်သည်။

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများအား အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

**ဇာဇာငြိမ်း(ပြန်/ဆက်)**



# ကိုကိုးကျွန်းမြို့နယ်၌ အရုပ်ခေါက်နည်း၊ ဂိမ်းကစားနည်းများ ပြုလုပ်

**ကိုကိုးကျွန်း အောက်တိုဘာ ၃၀**

ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အရုပ်ခေါက်နည်း၊ ဂိမ်းကစားနည်းများကို အောက်တိုဘာ ၂၈ ရက်က ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြင့်သူက ပြိုင်ပွဲပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကလေးများအား စာဖတ်ပြခြင်း၊ ကဗျာရွတ်ပြခြင်း၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ဂိမ်းကစားခြင်းများ ပြုလုပ်ပေးရာ ကိုကိုးကျွန်းအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပါဝင်ကစားခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၀

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဥက္ကဋ္ဌ ဦးဟန်ရွှေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဥက္ကဋ္ဌ ဦးဟန်ရွှေ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို ရေဒီယိုနဲ့ ရုပ်မြင်သံကြားတို့မှ ဟောပြောဆွေးနွေး ထုတ်လွှင့်ခွင့်ရတဲ့အတွက် နိုင်ငံတော်မှ တာဝန်ရှိသူများနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဒ့ါအပြင် နိုင်ငံတော်နဲ့ ပြည်သူရဲ့ကံကြမ္မာကို ဖော်ဆောင်ပေးနိုင်မယ့် မဲဆန္ဒရှင်များကို တိုက်ရိုက်ဟောပြော ဆွေးနွေးခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ရှေးဦးစွာ ကျွန်တော်တို့ပါတီရဲ့အကြောင်းကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ပါတီတစ်ရပ်ဖွဲ့စည်းတည်ထောင်မယ်ဆိုရင် အခြေခံကျတဲ့ တိကျခိုင်မာတဲ့ နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးလမ်းစဉ်၊ နိုင်ငံရေးကျင့်စဉ်နဲ့ ဖွဲ့စည်းတည်ဆောက်မှု အဆင့်ဆင့်ရှိရန် လိုအပ်ပါတယ်။ ဒီအချက်များနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီကို လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အခြေခံအကျဆုံးမူဝါဒဟာ **“လူအများကောင်းစားရေးဝါဒ”** ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတည်ထောင်ပြီး လူတစ်စု၊ လူတစ်ဖွဲ့၊ လူနည်းစုကောင်းစားရေးအတွက်မဟုတ်ဘဲ လူအများစုဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်တဲ့ လူသားအားလုံးကောင်းစားရေးဝါဒ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက **“ပြည်သူသာအမိ၊ ပြည်သူသာအဖ”**လို့ သတ်မှတ်ပြီး ပြည်သူကိုအဓိကထား၊ ပြည်သူကို ဗဟိုပြု၊ ပြည်သူကို လေးလေးနက်နက် မဏ္ဍိုင်ပြုထားတဲ့ ပါတီတစ်ရပ်ဖြစ်ပါတယ်။ ပါတီရဲ့အတွေးအခေါ် အယူအဆတွေ၊ပါတီရဲ့လက်တွေ့ဆောင်ရွက်ချက်တွေဟာ ပြည်သူ့အကျိုးစီးပွားကို မထိခိုက်စေရ၊ ပြည်သူရဲ့ ကောင်းကျိုးသာဖြစ်ရမယ်လို့ ခံယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ပါတီရဲ့လမ်းစဉ်ကိုကြည့်မယ်ဆိုရင် **“ပြည်သူ့အကျိုးပြု မြန်မာ့လမ်းစဉ်”** လို့ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံနဲ့ပြည်သူအတွက် ချမှတ်တဲ့လမ်းစဉ်တွေကိုလည်း ပြည်သူ့ အကျိုးစီးပွားနဲ့ မကင်းကွာဘဲ ချမှတ်ကြရမယ်လို့ တိတိကျကျညွှန်ပြထားပါတယ်။

ဒီမူဝါဒ၊ လမ်းစဉ်တွေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ မဇ္ဈိမပဋိပဒါ ကျင့်စဉ်နဲ့အညီ အမှားတွေကို မြင်အောင်ကြည့်၊ တွေ့အောင်ရှာပြီး လွတ်အောင်ရှန်းကြရမယ်ဆိုတဲ့ ဝါဒ၊ လမ်းစဉ် ကျင့်စဉ်တွေနဲ့အညီ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်မှာ ဂုဏ်သိက္ခာရှိပြီး သက်တမ်းအရှည်ဆုံး ပါတီတစ်ရပ်ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့မှာ (၃၇)နှစ်ပြည့်မြောက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီလိုရပ်တည်နေနိုင်တာဟာ ပါတီဝင်တွေရဲ့ ပါတီအပေါ် လေးစားယုံကြည်မှု၊ ချစ်ခင်မြတ်နိုးမှုနဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ရှိပြီး စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြလို့သာ ဖြစ်ပါတယ်။ သက်တမ်းရှည်ကြာသည်နှင့်အမျှ အတွေ့အကြုံတွေအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် သည်းခံနိုင်မှု၊ စိတ်ရှည်မှု၊ ခွင့်လွှတ်နိုင်မှုစတဲ့ အလေ့အကျင့်များရရှိကာ တည်ငြိမ်ရင့်ကျက်စွာနဲ့ ဆောင်ရွက်နိုင်တဲ့ ရလဒ်ကောင်းတွေကို ရရှိခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို တည်ငြိမ်ရင့်ကျက်မှုတွေကြောင့် ပါတီအပေါ် ဝေဖန်မှု၊ အပြစ်ရှာပြောဆိုမှုတွေကို စိတ်ရှည်ရှည်နဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ခဲ့ပြီး ပြဿနာများပြေလည်ကာ၊ ရန်သူမရှိဘဲ မိတ်ဆွေတွေ တိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ တရားဝင်ရပ်တည်လျက်ရှိတဲ့ ပါတီတွေနဲ့ဆက်ဆံရာမှာ ပါတီကြီး၊ ပါတီငယ်ဆိုတဲ့ သဘောထားမျိုးလုံးဝမရှိဘဲ တန်းတူရည်တူ သဘောထားပြီး လေးလေးစားစားနဲ့ အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိနေပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဆိုတဲ့ ပါတီ အမည်နဲ့အညီ ပါတီမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်လျက်ရှိနေပါတယ်။ တိုင်းဒေသကြီးများနဲ့ ပြည်နယ်တွေမှာ ပါတီကော်မတီတွေကို ဖွဲ့စည်းထားပြီး တိုင်းရင်းသားလူမျိုးများကိုယ်တိုင် ပါဝင်လှုပ်ရှားလျက်ရှိနေကြပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်တဲ့ နည်းဥပဒေညွှန်ကြားချက်များနဲ့အညီ ပါတီအင်အား(၁၅၁၉၀၀) ဦးကို ပုံစံ(ဈ)ဖြင့် သတ်မှတ်ကာလအတွင်း တင်ပြနိုင်ခဲ့လို့ ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ပါတီဝင်(၁၀၃၇၄၅)ဦးကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ခရိုင်ကော်မတီများနဲ့ မြို့နယ်ပေါင်း(၂၈၅)မြို့နယ်တွေမှာလည်း မြို့နယ်ကော်မတီတွေ ဖွဲ့စည်းပြီး စည်းရုံးဆောင်ရွက်လျက်ရှိနေပါတယ်။

မိမိပါတီရဲ့နှစ်ပတ်လည်နေ့အပါအဝင် နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့၊ တောင်သူလယ်သမားနေ့၊ အမျိုးသမီးများနေ့၊ နိုင်ငံတကာလူငယ်များနေ့များကိုလည်း ပါတီဗဟိုကော်မတီဌာနချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များနဲ့ မြို့နယ်တွေမှာ အခမ်းအနားတွေကို ကျင်းပ ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီလိုကျင်းပပြုလုပ်ခြင်းဖြင့် အမျိုး၊ ဘာသာ၊ သာသနာနဲ့ တိုင်းပြည်ချစ်စိတ်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်များ ခိုင်မာစေရန် တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော့်အနေနဲ့ ဆက်ပြီးတင်ပြလိုတာကတော့ **“နိုင်ငံတစ်ဝန်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေး”** ပဲ ဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးကိုတည်ဆောက်ရာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေပြုပြီး တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ညီရင်းအစ်ကိုတိုင်းရင်းသားများအားလုံးလက်ခံပြီး လက်တွေ့ကျကျ ဆွေးနွေးညှိနှိုင်းအဖြေရှာကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ပါတီက ဒီမိုကရေစီကို အပြည့်အဝလက်ခံထားသလို ဖက်ဒရယ်စနစ်ကိုလည်း လေးလေးနက်နက် ယုံကြည်မှုရှိတဲ့ ပါတီဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီအချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ပါတီက တိုင်းရင်းသားလူမျိုးများအပေါ်မှာထားရှိတဲ့ သဘောထား (၃)ရပ်ကို အခိုင်အမာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီသဘောထားတွေကတော့ –

(၁) တိုင်းရင်းသားလူမျိုးများအတွင်း အခွင့်ထူးခံမှုမရှိစေရဘဲ တန်းတူရည်တူရှိစေရေး၊
(၂) တိုင်းရင်းသားမျိုးနွယ်စုတစ်ခုချင်းစီရဲ့ မိမိတို့ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စသည်များနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေး၊
(၃) တိုင်းရင်းသားမျိုးနွယ်စုများအားလုံးအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရာမှာ ညီညာသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရမယ်လို့ အခိုင်အမာပြဋ္ဌာန်းထားပြီး လက်တွေ့ဘဝမှာ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီရဲ့ ခံယူချက်ကတော့ ငြိမ်းချမ်းရေးကို လက်နက်နဲ့ ဖြေရှင်းလို့မရနိုင်ဘဲ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုရအောင် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အပြန်အလှန် အပေးအယူတွေလုပ်ကာ အဖြေရှာကြမယ်ဆိုရင် ရလဒ်ကောင်းတွေရနိုင်မယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ ပတ်သက်လို့ **“တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်”**(NCA) ဖြစ်ထွန်းရေးမှစတင်ပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ (NCA)ဖော်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ နိုင်ငံရေးမူဘောင် (Political Frame Work) ရေးဆွဲတဲ့ လုပ်ငန်းများမှာလည်း အစကတည်းက ပါဝင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးညီလာခံအဆင့်ဆင့်ကိုလည်း တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဟာ **“နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေး”**ကို ရရှိနိုင်ဖို့ စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားပါ့မယ်လို့ ပြည်သူတွေကို လေးလေးနက်နက် ကတိပေးတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

**“အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ”** နဲ့ **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်”**တို့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့နဲ့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ကျင်းပပြုလုပ်မယ်လို့ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲဟာ တိုင်းပြည်နဲ့ ပြည်သူအတွက် အမှန်တကယ်လိုအပ်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်တယ်လို့ နိုင်ငံရေးအရ ယုံကြည်လက်ခံထားပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ အတိုင်းအတာတစ်ခုအထိ တိုးတက်မှု ရရှိလာမယ်လို့ မျှော်မှန်းထားပါတယ်။ ပြည်သူတွေကို တင်ပြလိုတာက ဒီမိုကရေစီ တကယ်လိုချင်ရင် ရွေးကောက်ပွဲနဲ့ ဖြတ်သန်းရပါလိမ့်မယ်။

ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲဟာ ခေါင်းနဲ့ပန်းလိုပဲ ဖြစ်ပါတယ်။ ဒ့ါကြောင့် အေးချမ်းတည်ငြိမ်ဖို့ ဒီမိုကရေစီရဖို့ဆိုရင် ရွေးကောက်ပွဲနဲ့ ဖော်ဆောင်သွားရမှာ ဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူအားလုံးက ရွေးကောက်ပွဲကို တရားမျှတစွာ အေးအေးချမ်းချမ်း ကျော်ဖြတ်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်ပေးကြဖို့ လေးလေးနက်နက် တိုက်တွန်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့လည်း ရွေးကောက်ပွဲအောင်မြင်ရေးသည် ပါတီရဲ့ အဓိကတာဝန်တစ်ရပ်လို့ သတ်မှတ်ထားပါတယ်။ ရွေးကောက်ပွဲမှာ လွှတ်တော်အဆင့်ဆင့်မှာ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်ပေါင်း(၇၀၃) ဦး ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဒုတိယအင်အားအများဆုံးနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းများ တင်သွင်းရာမှာ အမျိုးသား၊ အမျိုးသမီး အချိုးအစား၊ လူငယ်၊ လူလတ်၊ လူကြီးမျှတစွာ ပါဝင်မှုနဲ့ တိုင်းရင်းသားမျိုးနွယ်စုများစုံလင်စွာ ပါဝင်နိုင်မှုကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ ပြည်သူတွေကို ထုတ်ဖော်တင်ပြရတဲ့ ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းကို လေးလေးစားစားထုတ်ပြန်တင်ပြထားပြီး ဖြစ်ပါတယ်။ အဲဒီအထဲမှာ မိမိတို့ကို တာဝန်ပေးအပ်လာရင် တိုင်းပြည်အတွက် ဘယ်လိုစီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူထုလူတန်းစားများအရေး စတဲ့ကဏ္ဍပေါင်းစုံကို တလေးတစားတင်ပြထားပြီး ဖြစ်ပါတယ်။ ရွေးကောက်ပွဲရဲ့ အနိုင်အရှုံးကို ပြည်သူတွေက ဆုံးဖြတ်ပေးရတာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့အဆုံးအဖြတ်ကို ဝမ်းပန်းတသာ ကြိုဆိုလက်ခံသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများ မိမိတို့ရဲ့ ဆန္ဒတွေကို ဖော်ထုတ်ကြတဲ့အခါမှာ စပါးနှံနဲ့ ပင်နယံ အမှတ်တံဆိပ်ပါတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ထောက်ခံဆန္ဒမဲပေးသွားကြပါလို့ လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား –

**“ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနဲ့ ပြည့်စုံပြီး ရွှင်လန်းချမ်းမြေ့ကြပါစေ”**

**ပါတီ၏သီချင်းစာသား**

**ဒို့ ပါတီ**

တိုင်းရင်းသားအားလုံး .......... ညီညွတ်မည်။
ညီရင်းအကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ............. အောင်ရမည်။
မြန်မာပြည် ... ဒို့တိုင်းပြည် .... မြန်မာတို့ရဲ့ ဇာတိသွေးက ဖွဲ့မာန်အပြည့်ရှိသည်၊
တိုင်းရင်းသားတို့ ထာဝရ စည်းလုံးညီညွတ်မည်၊
အမျိုးသားရေးကို ဦးတည်............ နိုင်ငံတော်ကို ချစ်မြတ်နိုးသည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ............. အောင်ရမည်။
မဲရုံသို့ .........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့..........မဲရုံသို့ သွားကြပါစို့၊
တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ရရှိဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ ..........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ ........ မဲရုံသို့ သွားကြပါစို့၊
အခြေခံလူတန်းစားများရဲ့ စီးပွားရေးဘဝ မြှင့်တင်နိုင်ဖို့ ...၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ .......မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ .........မဲရုံသို့ သွားကြပါစို့၊
ပြည်သူများအတွက် မျှော်လင့်ချက်အသစ် ဖော်ဆောင်ဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ..... မဲပေးကြပါစို့၊
တိုင်းရင်းသားအားလုံး ............ညီညွတ်မည်။
ညီရင်းအကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ........... အောင်ရမည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ.............အောင်ရမည်။
အောင်ရမည်။

# ရခိုင့်ဦးဆောင်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၀

ရခိုင့်ဦးဆောင်ပါတီ (Arakan Front Party – AFP) ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–



မင်္ဂလာပါ။

**ပြည်ထောင်စုဖွား၊ မိဘပြည်သူများ ခင်ဗျာ။**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဦးစွာ ဆုမွန်ကောင်းများ တောင်းအပ်ပါတယ်။ ကျွန်တော်က ရခိုင့်ဦးဆောင်ပါတီ Arakan Front Party (AFP) ရဲ့ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် နိုင်ငံရေးပါတီကြီးတိုင်းဟာ မိမိတို့ပါတီရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် နိုင်ငံတော်အား စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ အစိုးရအာဏာရရှိရေး ဦးတည်ကြစမြဲဖြစ်ပါတယ်။

နည်းတူ တိုင်းဒေသကြီး/ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီငယ်များသည်လည်း မိမိတို့ဒေသ၏ စီမံခန့်ခွဲပိုင်ခွင့်ရရှိရေး တစ်နည်း ဒေသအစိုးရ ပြည်နယ်အစိုးရအား ဦးဆောင်ဖွဲ့စည်းနိုင်ရေးနှင့် ဒေသအစိုးရ၌လည်းကောင်း၊ ဒေသဆိုင်ရာလွှတ်တော်၏ ဥက္ကဋ္ဌ၊ ဒု–ဥက္ကဋ္ဌ စသည်ဖြင့် ရရှိနိုင်ရေး ဦးတည်ကြစမြဲ ဖြစ်ပါတယ်။

သို့သော်လည်း နိုင်ငံတော်၏ လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အကျပ်အတည်းနှင့် သဘာဝဘေးဒဏ်၊ လူလုပ်ဘေးဒဏ်တို့ကြောင့် ကြုံတွေ့ရင်ဆိုင်နေရသည့် မြန်မာလူထု၏ လူမှုဒုက္ခပေါင်းစုံမှ ကျော်လွှားစေနိုင်မည့် နိုင်ငံတော်တည်ဆောက်ရေး (Nation Building & State Building) ကဏ္ဍသည် အလွန်အရေးကြီးပြီး အလွန်နက်ရှိုင်းကျယ်ဝန်းသည်ဟု ရခိုင့်ဦးဆောင်ပါတီမှ ခံယူပါသဖြင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍ၏ အရေးအကြီးဆုံး အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့ငြိမ်းချမ်းရေး ကဏ္ဍ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် အမျိုးသားညီညွတ်ရေးကဏ္ဍတို့၌ ရခိုင့်ဦးဆောင်ပါတီသည် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်း ကူညီပေးနိုင်ရေးသည် လက်တွေ့ကျပြီး အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည်ဟုလည်းကောင်း၊

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ရင်းပြန်နိုင်ရေး၊ ရခိုင်ဒေသ၏ ကျေးလက်နှင့် မြို့ပြ ပြန်လည်တည်ဆောက်ရေးနှင့် ရခိုင်လူထု၏ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးတို့သည် အလွန်အရေးကြီးပြီး လက်ငင်းလိုအပ်ချက်များဖြစ်သဖြင့် ရခိုင့်ဦးဆောင်ပါတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရခိုင်ဒေသပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးရမည်ဟုလည်းကောင်း၊ ရခိုင့်ဦးဆောင်ပါတီ၏ လက်တွေ့ကျသည့် ရေတိုရေရှည် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဖြစ်ခဲ့ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီရဲ့ **နိုင်ငံရေးမူဝါဒနှင့် အခြေခံသဘောတရားများ**ကို အကျဉ်းတင်ပြလိုပါတယ်။

"ရခိုင်တို့၌ အလေးအနက်ထားရမည့် အကျပ်အတည်းကြီးရှိသည်။ ယင်းမှာ အနောက်ဘက် နယ်စပ်လုံခြုံရေး ဖြစ်သည်။ အလေးအနက်ထားရမည့် ပင်မ အကျပ်အတည်း ကိစ္စရပ်ကြီး၊ နိုင်ငံ၏ အချုပ်အခြာအာဏာအား ထိပါးလာနိုင်သည့် အကျပ်အတည်း ကိစ္စရပ်ကြီးဟု ခံယူလျက်" –

ရခိုင်ဒေသ၏ တည်ရှိမှု ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အား အားသာချက်တို့အား အကြောင်းပြုလျက် ပြည်ပအင်အားကြီးတို့၏ အားပြိုင်လွှမ်းမိုးလိုမှုကြောင့် ရိုက်ခတ်လာနိုင်သည့် ဒေသတွင်း အလှုပ်အခတ်တို့ကို ဦးဆောင်တုံ့ပြန်နိုင်ရန် ပညာရှင်ဆန်သော ရခိုင်လူထု၏ သစ္စာခံသော ဦးဆောင်နိုင်ငံရေးပါတီတစ်ရပ်သည် ရခိုင်ဒေသ၌ တည်ရှိရန် လိုအပ်ချက်ကြောင့် သွေးစည်းညီညွတ် သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းရေး မျှော်မှန်းလျက် – တည်ထောင်ခဲ့သော ရခိုင့်ဦးဆောင်ပါတီသည် **"အစွန်းမရောက်သည့် အမျိုးသားရေးအခြေပြုမူဝါဒနှင့် အခြေခံသဘောတရား"** ရှိသည့် ပါတီတစ်ခု ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ ဖွဲ့စည်းစဉ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ပါတီတည်ထောင် ဖွဲ့စည်းရခြင်း **"ရည်ရွယ်ချက် (၇)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်"** တို့အား ဆက်လက်တင်ပြလိုပါတယ်။

ဦးစွာ ပါတီတည်ထောင်ရခြင်းရဲ့ **ရည်ရွယ်ချက် (၇) ရပ်** အား တင်ပြလိုပါတယ်။

(က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်၏ ရပိုင်ခွင့် အပြည့်အဝရှိသော ရခိုင်ပြည်နယ်အဖြစ်၊ ပြည်ထောင်စုအတွင်း ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် အခြားသော တိုင်းရင်းသား ညီအစ်ကိုများနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန်၊

(ဂ) ရခိုင်တိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်နှင့် အဆိုပါ အကျိုးစီးပွားများ ရေရှည်တည်တံ့ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ဒီမိုကရေစီစနစ် ပီပြင်စွာ ထွန်းကားရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(င) ရခိုင်အမျိုးသားများ သွေးစည်းညီညွတ်ရေးနှင့် သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းလာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(စ) ရခိုင်လူမျိုးနှင့် ရခိုင်ပြည်နယ်၏ တည်ရှိမှုကိုသာမက ပြည်ထောင်စု၏ အချုပ်အခြာအာဏာကိုပါ ထိပါးခြိမ်းခြောက်နေသည့် ရခိုင်ဒေသအနောက်ဘက် နယ်စပ်လုံခြုံရေးအား အလေးထားကာကွယ်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဆ) ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များအနက် အရေးကြီးသည့် **လုပ်ငန်းစဉ်များမှာ**–

(က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် ရခိုင်တိုင်းရင်းသားတို့၏ ရပိုင်ခွင့် အပြည့်အဝရရှိရေး အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန်၊

(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဂ) ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး တိုးတက်ကောင်းမွန်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဃ) ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(င) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနှင့် မကိုက်ညီသော အချက်အလက်များကို ပြင်ဆင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(စ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဆ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားအလုပ်သမားတို့၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဇ) ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ကြသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးစီးပွားများကို ရခိုင်တိုင်းရင်းသားများအနေဖြင့် အမြင့်မားဆုံး အကျိုးခံစားခွင့်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဈ) ရခိုင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့နှင့် အခြား အမွေအနှစ်များအား ရှာဖွေထိန်းသိမ်းဖော်ထုတ်မြှင့်တင်သွားရန်၊ ရခိုင်လူမျိုးတို့၏ အဓိကသမိုင်းအမွေအနှစ် ယဉ်ကျေးမှုနယ်မြေတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ဆောင်ရွက်ရန်၊

(ည) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်မြင့်မားကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားရန်၊

(ဋ) ရခိုင်ပြည်နယ်၏ အနောက်ဘက်နယ်စပ်ဒေသလုံခြုံရေးအား အလေးထားဆောင်ရွက်ရန်၊

(ဌ) ရခိုင်တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး ပြည်ပနိုင်ငံများ၌ ဘေးကင်းလုံခြုံစွာ အလုပ်လုပ်ကိုင်နိုင်ရေးနှင့် မိမိနိုင်ငံသို့ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရောက်ရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားရန်၊

(ဍ) နေရပ်စွန့်ခွာ ရခိုင်သူ ရခိုင်သားများ ပြန်လည်အခြေစိုက်နိုင်ရန် အလို့ငှာ၊ ၎င်းတို့အတွက် ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဎ) ကမ္ဘာကြီး ပူနွေးလာမှုလျှော့ချနိုင်ရေး အားထုတ်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝန်းနှင့် လက်တွဲကာ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများတွင် ကူညီပံ့ပိုးသွားရန်၊

(ဏ) ရခိုင်ပြည်နယ်အတွင်း ရင်ဆိုင်ရသည့် သဘာဝဘေးအန္တရာယ်များနှင့် လူသားအရင်းခံဘေးအန္တရာယ်များကြောင့် နောက်ဆက်တွဲ လုပ်ဆောင်ရသည့် ဘေးဒုက္ခကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါတီအနေဖြင့် ဖြစ်နိုင်သမျှသော စွမ်းပကားများဖြင့် ပါဝင်ဆောင်ရွက်ရန်၊

(တ) ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ ပေါ်ထွန်းရေးအပြင် ဒေသတွင်း ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ထ) ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား ဦးဆောင်ဖွဲ့စည်းတာဝန်ယူရမည့် အခြေအနေ ပေါ်ပေါက်လာပါက တာဝန်ယူနိုင်သည့် စွမ်းပကားရှိနေအောင် မူဝါဒရေးရာပိုင်းနှင့် ပါတီ၏ လူ့စွမ်းအား အရည်အသွေးပိုင်းကို စဉ်ဆက်မပြတ်တည်ဆောက်ကာ အဆင်သင့် ပြင်ဆင်ထားရန်၊

(ဒ) ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်တိုင်းရင်းသားလူငယ်များနှင့် ရခိုင်မျိုးနွယ်စုလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဓ) မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် နည်းလမ်းရှာဖွေ ဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ၏ **"လက်ရှိ စစ်ရေး၊ နိုင်ငံရေးအကျပ်အတည်း ကာလ၌ အထူးအလေးထားပြီး ရေတို၊ ရေရှည် အဓိကဦးစားပေး ကြိုးပမ်းဆောင်ရွက်သွားမည့်"** ရခိုင့်ဦးဆောင်ပါတီ၏ **ရှေ့လုပ်ငန်းစဉ်များ**ကတော့–

(၁) ပြည်ထောင်စု ငြိမ်းချမ်းရေးရရှိသည်အထိ သက်ဆိုင်သူများနှင့်ဘက်ပေါင်းစုံမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) ရခိုင်ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) ပြည်သူများ၏ စိတ်အေးချမ်းသာမှုနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများကို တတ်စွမ်းသရွေ့ ဆောင်ရွက်ရန်၊

(၅) ရခိုင်စစ်ဘေးရှောင်များ နေရပ်ရင်းပြန်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားမှုများကြောင့် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ စရိတ်ကြီးမားသည့် ရခိုင်ပြည်သူများ၏ အခက်အခဲကို ကြိုးစားဖြေရှင်းရန်၊

(၇) ရခိုင်ဒေသနေ လူမျိုးနွယ်စုအချင်းချင်း အေးချမ်းတည်ငြိမ်လုံခြုံစွာ၊ သဟဇာတရှိစွာ၊ အတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်၊

(၉) ရခိုင်ဒေသ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

အထက်တင်ပြပါ ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် လက်ရှိကာလတွင် အထူးအလေးထားဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များပါ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရခိုင့်ဦးဆောင်ပါတီ၏ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်အသီးသီးသို့ ရွေးချယ်စေလွှတ်ခံရရန် လိုအပ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲဟာ အခြေခံအကျဆုံးသော လူထုရဲ့ ထောက်ခံမှု၊ ယုံကြည်လက်ခံမှုနှင့် မိမိတို့အား ကိုယ်စားပြုမည့် ပုဂ္ဂိုလ်နှင့် ပါတီအား ရွေးချယ်ပေးတဲ့ စာမေးပွဲကြီးတစ်ရပ် ဖြစ်ပါတယ်။ တစ်နည်း ဥပဒေပြု လွှတ်တော်တစ်ရပ်ရပ်ရဲ့ ဝင်ပေါက်တံခါးဝလည်း ဖြစ်ပါတယ်။

ပါတီတစ်ခုသည်လည်းကောင်း၊ ပါတီကိုယ်စားပြု အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း၊ လူထု၏ ယုံကြည်မှု၊ အားကိုးမှု၊ ယုံကြည်အားကိုးထိုက်သည့် လုံလောက်သော ပညာအရည်အချင်း၊ ဉာဏ်ရည်၊ သတ္တိ ဗျတ္တိ နှင့် ရဲရင့်မှု စသည့် နှလုံးရည် လက်ရုံးရည် ရှိရန်လိုအပ်သလို နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်၊ ဒေသနှင့် ပြည်နယ်အပေါ်၊ လူမျိုးနှင့် လူထုအပေါ်၊ သစ္စာရှိပြီး ရိုးသားကြရန် ကိုယ်ကျင့်သိက္ခာပြည့်ဝကြရန်၊ ပြည်သူကို အစွမ်းကုန် အလုပ်အကျွေးပြုကြရန်နှင့် အလုပ်ကြိုးစားကြရန် လိုအပ်ပါတယ်။

သို့မှသာ "ပါတီနှင့် လူထု" သည် လည်းကောင်း၊ "ပါတီနှင့် ကိုယ်စားလှယ်များ" သည် လည်းကောင်း၊ "ပါတီ၊ ကိုယ်စားလှယ်နှင့် လူထု"တို့သည် လည်းကောင်း တစ်သားတည်းဖြစ်သွားမှာ ဖြစ်သလို နိုင်ငံတော်အပေါ်၊ ဒေသနှင့် ပြည်နယ်အပေါ်၊ အပြန်အလှန်အကျိုးပြုရင်း တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်ပေးနိုင်ကြမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများ ခင်ဗျာ –**

**ရခိုင်အမျိုးသားများနှင့် ရခိုင်မျိုးနွယ်စုဝင် မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ တင်ပြခဲ့ပြီးပါပြီ။ ရခိုင့်ဦးဆောင်ပါတီအပေါ် လေ့လာသုံးသပ်ပေးကြပါ။ ရခိုင့်ဦးဆောင်ပါတီကို ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်း၊ ဉာဏ်ရည်စွမ်းဆောင်ချက်များနှင့် ရိုးသားမှု၊ ကြိုးစားမှု၊ ကိုယ်ကျင့်သိက္ခာ၊ ရခိုင်ပြည်နယ် ရခိုင်လူမျိုးနှင့် ပြည်ထောင်စုအကျိုး၊ ပြည်ထောင်စု ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်သစ်ဆီသို့ ဦးတည်သည့် ရည်မှန်းချက်များအပေါ် သဘောပေါက်စွာဖြင့် ရခိုင့်ဦးဆောင်ပါတီမှ ကိုယ်စားလှယ်လောင်းများ သက်ဆိုင်ရာ လွှတ်တော်အသီးသီးသို့ ရောက်ရှိရေး ရွေးချယ်ပေးကြဖို့ ဆန္ဒမဲပေးကြဖို့ လေးနက်စွာ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများ၊**

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရသကို အမြန်ဆုံးခံစားနိုင်ကြပါစေ။ ရခိုင်ပြည်နယ်အမြန်ဆုံး ငြိမ်းချမ်းတည်ငြိမ်ပါစေ။

စစ်ဘေးရှောင်များ အမြန်ဆုံး နေရပ်ရင်းပြန်နိုင်ကြပါစေ။

ရခိုင့်ဦးဆောင်ပါတီ

(ဗဟိုအလုပ်အမှုဆောင်အဖွဲ့)

**ပါတီ၏ သီချင်းစာသား**

**ရခိုင့်ဦးဆောင်ပါတီ (AFP)**

\# ရခိုင်ပြည်သူတွေ ဒုက္ခပင်လယ်ထဲ မုန်တိုင်းတွေက ဖြတ်သန်းနေတဲ့အချိန်

အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ်နဲ့ ပေးဆပ်ရန်အတွက် သန္နိဋ္ဌာန်ချထားပါတဲ့

ရခိုင့်ဦးဆောင်ပါတီ။

\# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party

\# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party

\# ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်မည်။

ပြည်သူတို့အတွက် သတ္တိရှိရှိ ထုတ်ဖော်မည်။

\# ရခိုင့်ဦးဆောင်ပါတီကို မဲပေးကြမယ်။

ရခိုင်ပြည်အနာဂတ်အတွက်လေ။

\# ရခိုင့်ဦးဆောင်ပါတီနှင့်အတူ ချီတက်ကြမယ်။

ရခိုင်ပြည်အေးချမ်းဖွံ့ဖြိုးဖို့အတွက်လေ။

\# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party

\# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် အောက်တိုဘာ ၃၀**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့က မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ပြုလုပ်ရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က စုပေါင်းသွေးလှူဒါန်းပေးကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြသူများကို အားဆေးများ၊ ကြက်ဥနှင့်အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ပြီး မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းပေးခြင်းအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ စုပေါင်းသွေးလှူဒါန်းပေးကြသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်
(ပြန်/ဆက်)

## သုံးခွမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ သင်တန်းပြုလုပ်

**သုံးခွ အောက်တိုဘာ ၃၀**

သုံးခွမြို့နယ်၌ ဓာတုဓာတ်ကြွင်းကင်းစင်သော ပဲတီစိမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)သင်တန်းကို အောက်တိုဘာ ၂၉ ရက်က လေးကျွန်းမာရ်အောင်စေတီတော်ဝင်းအတွင်းရှိ ဓမ္မာဒီပဓမ္မဗိမာန်တော်၌ ကျင်းပသည်။



ဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်လင်းဟန်က ပဲတီစိမ်းစိုက်ပျိုးနည်းစနစ်များ၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များ၊ ပိုးသတ်ဆေးအရောင်းဆိုင်များအနေဖြင့် တောင်သူများအား ဓာတ်ကြွင်းအာနိသင်များမဖြစ်ပေါ်စေရေး အသိပညာပေးရောင်းချရန်နှင့် GAP နည်းလမ်းများအတိုင်း စိုက်ပျိုးနိုင်စေရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘာသာရပ်အလိုက် စိုက်ပျိုးရေး ပညာရှင်များက GAP စနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ခြင်း၊ မြေဆီလွှာစီမံခန့်ခွဲခြင်းနည်းစနစ်များကို သင်တန်းပို့ချသည်။ အဆိုပါသင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရပြီး သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာ ၃၁ ရွာမှ တောင်သူ ၈၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ကန့်ဘလူ အောက်တိုဘာ ၃၀**

ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက်က ကျင်းပသည်။



ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးသက်ထွန်းက အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က ကလေးအလုပ်သမားဆိုင်ရာ အချက်အလက်များ၊ ကလေးအလုပ်သမား ဖြစ်ရခြင်းအကြောင်းရင်းများ၊ ဥပဒေပါ ကလေးအလုပ်သမား ဆိုင်ရာ အသက် ကန့်သတ်ချက်များနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ သိကောင်းစရာများ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမျိုးဝင်းသန်းက ကုန်အညွှန်းအမှတ်အသားများကို သေချာစိစစ်ရွေးချယ်ဝယ်ယူရန်နှင့် စားသုံးသူ၏ အခွင့်အရေးရှစ်ချက်တို့ကို ရှင်းလင်းဆွေးနွေးကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## တိုက်ကြီးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**တိုက်ကြီး အောက်တိုဘာ ၃၀**

တိုက်ကြီးမြို့နယ်အတွင်းသို့ ရောက်ရှိနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုး ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေ ဦးဆောင်၍ လဝကဝန်ထမ်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆုနန္ဒာလှိုင်တို့ ပူးပေါင်းကာ တိုက်ကြီးမြို့နယ်အတွင်းသို့ ရောက်ရှိနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို One Stop Service (OSS) စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်အောင်က ကြည့်ရှုအားပေးသည်။



ဝတ်ရည်(ပြန်/ဆက်)

## သဘာဝဘေးလျော့ပါးရေး ဆင်ပေါင်ဝဲမြို့နယ်၌ အသိပညာပေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၃၀**

ဆင်ပေါင်ဝဲမြို့နယ် ရွာသစ်ကျေးရွာ၌ သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက်က အဆိုပါကျေးရွာ ဓမ္မာရုံ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းက ကျေးရွာသူ ကျေးရွာသားများအား ရေဘေးနှင့် လေပြင်းဘေးနှင့်ပတ်သက်သည့် အချက်အလက်များ၊ ပျော့င်လျှပ်နေချိန်နေထိုင်နည်းများ၊ သဘာဝဘေးဖြစ်လာပါက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## သဲကုန်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား အသိပညာပေး

**သဲကုန်း အောက်တိုဘာ ၃၀**

သဲကုန်းမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရေးနှင့် ကိုယ်ဝန်စောင့်ရှောက်မှုအကြိမ်ပြည့်ရယူနိုင်ရန် အသိပညာပေးခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၈ ရက်က အင်းမတိုက်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အင်းမတိုက်နယ်ဆရာဝန် ဒေါက်တာကျော်မျိုးနိုင်ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား သွေးအားနည်းရောဂါစစ်ဆေးခြင်း၊ ကာလသားရောဂါစစ်ဆေးပေးခြင်း၊ HIVပိုးရှိမရှိစစ်ဆေးပေးခြင်း၊ ဆီးတွင်းအသားဓာတ်ပါဝင်မှုစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်ချိန်ခြင်း သွေးပေါင်ချိန်တိုင်းခြင်း၊ ငှက်ဖျားပိုးရှိမရှိစစ်ဆေးပေးခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းလုပ်ငန်းများနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **ကိုကျော်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**ထန်းတပင် အောက်တိုဘာ ၃၀**

ထန်းတပင်မြို့နယ်၌ အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ထမ်းပြည်သူများအား ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ယဉ်မီမီချိုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများအား အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မိတ္ထီလာခရိုင်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၃၀**

မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ယမန်နေ့က မိတ္ထီလာမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှူးဦးကို မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(စီမံ) ဦးအောင်ဆွေဦး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး အလက(လေ့ကျင့်ရေး)၊ အထက (တောမ)၊ အထက(ချည်စက်) နှင့် အထက(၁) တို့မှ ကျောင်းသူ ကျောင်းသားများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည် ပြိုင်ပွဲများ၊ ပြခန်းများ၊ သုတ၊ ရသ စာအုပ်စာစောင်များ ခင်းကျင်းပြသထားမှုနှင့် ပျော်ပွဲရွှင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ချမ်းသာ(မိတ္ထီလာ)



## ကွမ်းခြံကုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကွမ်းခြံကုန်း အောက်တိုဘာ ၃၀**

ကွမ်းခြံကုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၈ ရက်က အင်္ဂလုံးကျေးရွာအုပ်စု ကွင်းအမှတ်(၃၈၁) ဧရိယာ ငါးဧကရှိ တောင်သူ ဦးမြင့်ဦး၏ လယ်မြေ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချန်ဖီယာန်က မျိုးစေ့ချကိရိယာ အသုံးပြုခြင်း အကျိုးကျေးဇူးများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်စိန်က စပါးစိုက်ပျိုးနည်းအဆင့်ဆင့်နှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းအကြောင်းအရာများကို တက်ရောက်လာသည့် တောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း အခြောက်တင်း ၁၀၃ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

## လှိုင်းဘွဲ့မြို့နယ် ကွမ်ဘီကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**လှိုင်းဘွဲ့ အောက်တိုဘာ ၃၀**

လှိုင်းဘွဲ့မြို့နယ် ကွမ်ဘီကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲ၊ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပညာရည်ချွန် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က အဆိုပါ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် စာသင်ကျောင်း အလှူရှင်က အခြေခံပညာ မူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကွမ်ဘီကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစိန်စိန်ပွင့်က အမှာစကား ပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကာ ဘာသာရပ်အလိုက် စာသင်ပြမှု ထူးချွန်ဆုရရှိသော ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ ပေးအပ်သည်။

စောဒိ (ပြန်/ဆက်)



## မိုးညှင်းမြို့၌ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**မိုးညှင်း အောက်တိုဘာ ၃၀**

မိုးညှင်းခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုဖြစ်သည့် ပုံပြင်ပြောပြိုင်ပွဲကို ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့က ကြိုက်နှစ်သက်ရာ ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ရွှေမိုးညှင်း



## ငါန်းဇွန်မြို့နယ်၌ ဓာတ်မြေဩဇာစုပေါင်းရောင်းချ

**ငါန်းဇွန် အောက်တိုဘာ ၃၀**

ငါန်းဇွန်မြို့နယ်၌ ၂၀၂၅-၂၀၂၆ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် ယူရီးယားဓာတ်မြေဩဇာများ စုပေါင်းရောင်းချပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တောင်သူများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ပြီး ဓာတ်မြေဩဇာများကို တောင်သူများအား ရောင်းချပေးသည်။

သက်နောင်ဦး(ငါန်းဇွန်)

## မြိတ်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**မြိတ် အောက်တိုဘာ ၃၀**

မြိတ်မြို့တွင် လူငယ်စကားဝိုင်းကို မြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ယမန်နေ့က ကျင်းပရာ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာစိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ခင်လွမ်းဝင်းတို့က ဦးဆောင်ဆွေးနွေးပြီး အထက်တန်းကျောင်းသား ကျောင်းသူ ခြောက်ဦးက



လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်အားကစားနှင့် လူငယ်နှင့်ကျန်းမာရေး စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ခိုင်ထူး(ပြန်/ဆက်)



## ဝေါမြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**ဝေါ အောက်တိုဘာ ၃၀**

ဝေါမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် သုံးစွဲပုံအဆင့်ဆင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## လက်ပံတန်းမြို့နယ်၌ စာဖတ်ရှိန် မြှင့်တင်ရေးပြိုင်ပွဲများ ကျင်းပ

**လက်ပံတန်း အောက်တိုဘာ ၃၀**

လက်ပံတန်းမြို့နယ်ပညာရေးမှူးရုံးခန်းမနှင့် အထက(၁) ကျောင်းတို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်ဥမ္မာဦးက အမှာစကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းအဆင့် ငါးဦးနှင့် အလယ်တန်းအဆင့် ၁၁ ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ရှစ်ဦးနှင့် အလယ်တန်းအဆင့် ၁၁ ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၀ ဦးနှင့် ပုံပြင်ပြောပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၆ ဦး၊ ကဗျာရွတ်ပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၈ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ (GRF) ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း (၁) ခု အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ (GRF) ဖြင့် တည်ဆောက်ရေးလုပ်ငန်း (၁)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၃၀-၁၀-၂၀၂၅) ရက်မှ (၁၂-၁၁-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၁၂-၁၁-၂၀၂၅) ရက် ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော် (ထိန်းသိမ်းရေး)မှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်း (ဖြည့်စွက်)ရန်ပုံငွေနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဌာနမှ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်(ထိန်းသိမ်းရေး)ငွေစာရင်းဌာနစိတ်နှင့် ဖုန်း-၀၉-၅၀၉၆၀၀၁၊ ၀၉-၄၂၀၀၇၀၁၂၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါအဆိုပြုလွှာစတင်ရောင်းချမည့် ရက်/အချိန် (ရုံးချိန်အတွင်း)** - ၆-၁၁-၂၀၂၅ရက်
(Profile အထောက်အထားများတင်ပြရမည်)
(ခ) **တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်** - ၁၀-၁၁-၂၀၂၅ရက် ညနေ ၄:၃၀နာရီ
(ဂ) **နမူနာပစ္စည်းလက်ခံမည့်ရက်နှင့်အချိန်** - ၁၁-၁၁-၂၀၂၅ရက်မှ ၁၂-၁၁-၂၀၂၅ရက်ထိ (ရုံးချိန်အတွင်း)
(ဃ) **ဈေးနှုန်းအဆိုပြုလွှာဖွင့်ဖောက်စစ်ဆေးမည့်ရက်နှင့်အချိန်** - ၁၃-၁၁-၂၀၂၅ရက် နံနက် ၁၀:၀၀နာရီ
(င) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ဘဲကုန်းဆည်မြောင်းဝင်း၊ ဇမ္ဗူရုံ။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**



## သာယာဝတီမြို့နယ်အတွင်း အောင်နိုင်တိုး မျိုးစပါးရိတ်သိမ်းနေမှု ကြည့်ရှုစစ်ဆေး

**သာယာဝတီ အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ (သက်တန့်ရောင်) စီမံကိန်းဖြင့် ဆောင်ရွက်သော သမဝါယမအသင်းသားတောင်သူ ဦးစောထွန်းထွန်းဦး၏ မျိုးစပါးသီးနှံ အောင်နိုင်တိုး မျိုးစပါးရိတ်သိမ်းမှုအခြေအနေကို သာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (သက်တန့်ရောင်) စီမံကိန်းဖြင့် ဆောင်ရွက်ထားသည့် အသင်း တစ်သင်း၊ အသင်းသားတောင်သူ ၄၄ ဦး၏ မိုးစပါးသီးနှံစိုက်ပျိုးဧက ၂၀၀ အနက် ကျွန်းကုန်းအုပ်စု ကျွန်းကုန်းကျေးရွာရှိ ကျွန်းကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ တောင်သူ ဦးစောထွန်းထွန်းဦး၏ အောင်နိုင်တိုး(YSR-1)စပါး ၁၀ ဧက ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးတင်းအထွက်နှုန်း တင်း ၁၂၀ ထွက်ရှိခဲ့ကြောင်းနှင့် တာဝန်ရှိသူများက အခြားလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ လ ၃၁ ရက်)**

၁။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၈၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဠ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၁) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၈၉၉၉၉၈) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၈၉၉၉.၉၈၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၆၂၉၉.၉၈၆**) ဖြစ်ပါသည်။ (၇၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၄၇၆**) အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၆၃၀၀.၄၆၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၂) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၂) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၆) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၈) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၂၀) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၆၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၂၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၈၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၁-၂၀၂၅) ရက်နေ့ (စနေနေ့)၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၂၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆု ထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၈-၂၀၂၅ရက်နေ့ စာ-၂၅ ပါ 51W/10319 မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)(အစား)ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက သကြားစက် Grade-9 တွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ထူး ၉/ပမန(နိုင်)၁၆၄၉၅၁ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ထူး**

### အလိမ္မာ စာမှာရှိ

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/44165, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၁၄/လပတ(နိုင်)၁၂၄၇၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၆၁၀၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုလွင် ၁၀/ဘလန(နိုင်)၀၇၇၄၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၈၀၁၂ ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဖုးကို ၁၀/သထန(နိုင်)၂၇၃၈၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၄၉၈၅ ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းငြိမ်းကျော် ၁၀/ပမန(နိုင်)၂၄၀၁၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(ပန်အုပ်ကျောင်းအရှေ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၄၈၇)၊ ဧရိယာ ၀ ဒသမ ၀၆၈ဧကေ၊ မြေငှားဂရန်အမှုတွဲအမှတ် ၅၀၈-၅/၂၀၀၀-၂၀၀၁(အေ)၊ ဦးလီရှွမ်းရှိ LSO-၁၁၆၁၂၆ အမည်ပေါက်ပြီး ၂၃-၁-၂၀၀၆ရက်တွင် ကွယ်လွန်၍ ၎င်း၏ဇနီး ဒေါ်ရွှေခမ်း ၁၃/လရန(နိုင်) ၀၅၃၄၈၀၀က အမွေဆက်ခံပြီး ၎င်းမှစာချုပ်အမှတ်(၁၉၇၇I/၂၀၀၆)ဖြင့် သားဖြစ်သူ ဦးလီပေါင်ရှောင် ၁၃/လရန(နိုင်)၀၈၄၆၈၇ သို့ အပိုင်ပေးကမ်းပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးခိုင်းတာသို့ စာချုပ်အမှတ်(၂၃၃I/၂၀၂၃)ဖြင့် ရောင်းချပြီး ဖြစ်သဖြင့် ဦးခိုင်းတာ ၁၃/လရန(နိုင်)၂၃၆၂၅၂ အမည်ဖြင့် မြေငှားဂရန်အမည် ပြောင်း ထပ်မံအသစ်လျှောက်ထားလာသဖြင့် ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်(၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်တင်ပြသူမရှိပါက ဦးလီရှွမ်းရှိ LSO-၁၁၆၁၂၆ အမည်ပေါက် မြေဂရန် အမှုတွဲအမှတ် ၄၈၈-၅/၁၉၉၉-၂၀၀၀(အေ)အား ပယ်ဖျက်သွားမည် ဖြစ်ပြီး ဦးခိုင်းတာ ၁၃/လရန(နိုင်)၂၃၆၂၅၂ အမည်ဖြင့်မြေငှားဂရန် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/8836 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/7077 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ပြည်တော်သာ ရပ်ကွက်၊ ရေစင်(၇)လမ်း၊ လမ်းသွယ်(၁)လမ်း၊ မြေကွက်ကြီး အမှတ်(၆)၊ မြေကွက်ငယ်အမှတ်(၄၆)၊ ဦးကျော်သင်းအမည်ပေါက် မြေကွက်ခေါင်းရင်းခြမ်း၊ ဧရိယာအလျား(၂၀ပေ) x အနံ(၆၀ပေ) မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းအဆိုပြုလာသူ ဒေါ်ခင်အေးရွှေ ၁၁/မပတ(နိုင်)၀၂၂၉၃၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးသီတာလွင် ၁၂/မဂဒ(နိုင်)၁၃၄၃၅၉ က အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီး စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်အတူ ယခုသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ (စဉ်-၁၃၆၂၈)**
**တရားလွှတ်တော်ရှေ့နေ**
**စျ/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-09-267188569**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၄၀၅/က (တတိယထပ်)(၄လွှာ)၊ အကျယ်အဝန်း (၁၈ပေ x ၅၄ပေ)ရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဌေးဌေး ၁၂/ကမရ(နိုင်) ၀၂၇၉၆၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထက်အောင်ခန့် ၇/ရကန(နိုင်)၀၅၂၁၃၄ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်ခိုင်ဆုဝေ (LL.B, D.B.L) | ဒေါ်မိုးမီမီခိုင် (LL.B, D.B.L) |
| (စဉ် - ၅၃၃၆၉) | (စဉ်-၅၃၄၉၁) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ဖွဲ့ကပင်(၄)လမ်း၊ မြေကွက်အမှတ်(၄၅၃/ခ) မြေအကျယ်အဝန်း (အလျား၂၁ x အနံ ၆၁)ပေရှိ ဦးအောင်သန်း ၁၂/သဃက(နိုင်)၀၅၃၅၈၆ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်ထွေး ၁၂/ဒဂမ(နိုင်)၀၀၀၆၃၄ က ဝယ်ယူပိုင်ဆိုင် အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးအေးညိမ်း ၁၂/သဃက(နိုင်)၁၄၇၅၇၈ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဒေါ်ခင်ထွေး၏ တူမဖြစ်သူ ဒေါ်အေးမ ၁၂/ဒဂတ(နိုင်)၀၉၆၂၀၉ ထံမှတစ်ဆင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အေးအေးညိမ်း** | **ဒေါ်အေးသူဇာအောင်** |
| **၁၂/သဃက(နိုင်)၁၄၇၅၇၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)** |
| | **အမှတ်(၇၇)၊ ဦးပုညလမ်းနှင့်** |
| | **ဗိုလ်ကြာညွန့်လမ်းထောင့်၊ (၃၂)ရပ်ကွက်၊** |
| | **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၄၅၉၆၈၃၀** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/7612, Mazda RX8 SE3P, S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုမွန်သော် ၁၂/စခန(နိုင်)၀၆၃၆၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/35163 CPM SAWASDEE 115 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၁၄/မအပ(နိုင်) ၃၀၄၆၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/59217, Honda WAVE-100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာအေး ၁၂/သလန(နိုင်)၁၀၀၂၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၁၅၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်စိုး ၁၀/မလမ(နိုင်)၁၄၁၀၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၉၀ အမွေထိန်းလက်မှတ်စာပါအတိုင်းဆောင်ရွက်နေကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မို့မို့အောင် ၁၂/လမတ(နိုင်) ၀၂၃၂၇၃ နှင့် ဒေါ်မီမီအောင် ၁၂/လမတ(နိုင်)၀၂၃၂၇၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်-

**(၁)** ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်တရားရုံးတော်၏ တရားမကြီးမှုအမှတ်- ၁၆/၂၀၂၂ တွင် ကွယ်လွန်သူ အမ်အေဟာမစ်၏ ကျန်ရစ်သောအမွေပစ္စည်းများနှင့်စပ်လျဉ်း၍ ဒေါ်မို့မို့အောင်၊ ဒေါ်မီမီအောင်တို့(၂)ဦးအား အမွေထိန်းလက်မှတ်စာထုတ်ပေးရန် ၂၈-၁၁-၂၀၂၄ ရက်တွင် ရုံးတော်မှအမိန့်ချမှတ်ခဲ့ပြီး ထိုအမိန့်ပါအတိုင်း ၂၀-၁၂-၂၀၂၄ ရက်တွင် အမွေထိန်းလက်မှတ်စာရရှိလာခဲ့ပါသည်။ အမွေထိန်းလက်မှတ်စာပါ ပစ္စည်းစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၁။** ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၂၁/၂၂၃)ဟုခေါ်တွင်သည့် ပတ်ကား (Pucca Building) (၅)ထပ်တိုက်နှင့် အဆိုပါတိုက်တည်ရာ ရန်ကုန်မြို့၊ မြို့မအရှေ့တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 14 F-1၊ မြေကွက်အမှတ်(၂၄)၊ ဒုတိယတန်းစားမြေ (၂၅ ပေ x ၆၀ ပေ)ရှိ မြေပိုင် မြေအမျိုးအစား တိုက်နှင့်တည်ရာ မြေတစ်ကွက်၊ **၂။** ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ Monkey Point Road အမှတ်(၄၁၈/၄၃၀) ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဗိုလ်တထောင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-10J ၊ မြေကွက်အမှတ် (၇)နှင့် (၈)၊ ဧရိယာ (၁၇၇'.၈" x ၁၀၀')ရှိ မြေကွက်ကြီး၏ (Between Clark Street and Eden Street, Rangoon) အရှေ့ဘက် ထက်ဝက်ဖြစ်သော (၈၈' ၈") Monkey Point Road ဘက်နှင့်(၁၀၀') (ဗိုလ်တထောင်ဈေးလမ်း) Eden Street ဘက်၊ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့်အိမ်၊ **၃။** ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၄၅)လမ်း၊ အမှတ်(၁၃) (ယခင်အမှတ် ၄)ဟု ခေါ်တွင်သည့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-3C၊ မြေကွက် အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ ဧရိယာ(၂၅'x၅၀')ရှိ ပဉ္စမတန်းစား ဂရန်မြေကွက်တစ်ကွက်၊ **၄။** အင်းစိန်ခရိုင်၊ ကမာရွတ်၊ China Busti Land (တရုတ်ရွာမြေ)(ရှမ်းစုရပ်ကွက်)၊ ကန်လမ်း၊ အမှတ်- ၆၂/၇၉ ဟုခေါ်တွင်သော ရန်ကုန်-အင်းစိန်လမ်းမရှိ ဦးပိုင်အမှတ်(၂၀)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေချိန်ဧရိယာ(၁၅ဒသမ၃၀၁)ဧကရှိ မြေပိုင်မြေအမျိုးအစား(ဥယျာဉ်မြေကွက်) (ယင်းမြေကွက်ပေါ်တွင် တရားမဝင်သော အဆောက်အအုံများတည်ရှိသည်) (ယခုလှိုင်မြို့နယ်၊ ကန်လမ်း၊ ရှမ်းစုရပ်ကွက်) **၅။** ရန်ကုန်မြို့၊ အလုံတိုက်နယ်၊ အမှတ်- ၃၉၅၊ ၃၉၇၊ ၄၀၁ နှင့် ၄၀၅ ကော်မရှင်နာလမ်းနှင့်အနောက်လမ်း (West Street) အမှတ်- ၁၈/၃၄ ဟူသော အဆောက်အအုံများတည်ရှိရာ ဦးပိုင်အမှတ်-၁၊ ၁A နှင့် ၂၊ မြေတိုင်းရပ်ကွက် အမှတ်-25 နှင့် 23RW³၊ အတိုင်းအတာ ကော်မရှင်နာလမ်းတစ်လျှောက်(၂၁၅) ပေနှင့် အနောက်လမ်း (West Street)တစ်လျှောက်(၆၀၀)ပေမြေကွက်ကြီး၏ တောင်ဘက်ခြမ်း ထက်ဝက်တိတိဖြစ်သော မြေကွက်၊ အနောက်လမ်းမှ ချောင်းကလေးထိမြေကွက်ဖြစ်ပါသည်။ ဆူပါပင်လူနေရပ်ကွက်၊ ကြည့်မြင်တိုင်တိုက်နယ်ရှိ ပထမတန်းစား မြေပိုင်မြေအမျိုးအစားဖြစ်ပါသည်။ (ယခုအခါ အနောက်လမ်းအား အောင်ရတနာလမ်း(ဗဟိုလမ်း) ဟုလည်းကောင်း၊ ကော်မရှင်နာလမ်းအား ဗိုလ်ချုပ်အောင်ဆန်းလမ်းဟုလည်းကောင်းခေါ်တွင်ကြပြီး လမ်းမတော်မြို့နယ်အတွင်း၌တည်ရှိသော မြေနှင့်အိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး)

**(၂)** ဒေါ်မို့မို့အောင်နှင့် ဒေါ်မီမီအောင်တို့သည် အဘေးဖြစ်သူ Munshi Murad Bux၊ အဘိုးဖြစ်သူ Munshi Abdul Aziz၊ ဦးလေးဖြစ်သူ အမ်အေဟာမစ်တို့မှ အဆင့်ဆင့်သက်ဆင်းကျန်ရစ်သော အမွေပစ္စည်းများနှင့်စပ်လျဉ်း၍ ယခုကဲ့သို့ အမွေထိန်းလက်မှတ်စာကို တရားဝင်ရရှိခဲ့ခြင်းဖြစ်ပါသည်။

**(၃)** သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဦးအမ်အေဟာမစ်ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့်စပ်လျဉ်း၍ စာရင်းပြုစုရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်စသည်တို့ အလို့ငှာ အမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်မို့မို့အောင်၊ ဒေါ်မီမီအောင်တို့မှ ဆောင်ရွက်နေကြောင်းနှင့် ဦးအမ်အေဟာမစ်ထံသို့ အိမ်လခပေးသွင်းရန် ကျန်ရှိသူများအနေဖြင့်လည်း အမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်မို့မို့အောင် **ဖုန်း-၀၉-၇၇၅၈၄၄၀၅၁** နှင့် ဒေါ်မီမီအောင် **ဖုန်း- ၀၉-၇၈၉၉၆၉၆၈၂** တို့ထံသို့ ဆက်သွယ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာဖြူ (LL.B) (၂၃-၁-၂၀၁၄)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၆၂)**
**အမှတ် ၂၇/၂၉၊ တတိယထပ်၊ ၃၅ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၃၂၆၅၊ ၀၉-၄၂၅၂၆၈၄၁၃**

## ဖခင်အမည်မှန်

မြဝတီမြို့နယ်၊ အထက(ခွဲ) အောင်မြေရွှေဘုံ Grade-4 မှ နန်းတင့်သဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစောရဲကိုကို ၃/ကကရ(နိုင်)၁၆၁၆၂၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးချစ်ကိုကို ၈/ရနခ(နိုင်) ၁၀၃၆၃၇ ၏သမီး မှော်ဘီမြို့နယ် ရှမ်းကုန်းကျေးရွာ အထက(ခွဲ) G-7 မှ မပပခင် ၁၂/ မဘန(နိုင်) ၂၃၃၁၀၀ အား မမေသင်ဇာနှင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေသင်ဇာနှင်း**

## အမည်ပြောင်း

ဦးဂန္ဓာမာ (ခ) မောင်စိုင်းပိန်း (ခ) မောင်စိန်းပိန်း ၁၃/ဆဆန(နိုင်) ၀၄၈၄၅၆ ၏သမီး ဆီဆိုင်မြို့နယ် အထက နောင်မွန် G(11) မှ နန်းရှံ့ခိုး (ခ) မနန်းညာအား နန်းဇူးမြတ်ဦး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းဇူးမြတ်ဦး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ည၊ မြေကွက်အမှတ်-၂၄၄/က၊ ၁၂၀၀၈/ပေ၊ မြေကွက်တည်နေရာအမှတ်(၂၄၄/က)၊ ဘုမ္မာ(၇)လမ်း၊ ညရပ်ကွက်၊ ဦးအောင်သန်း ၁၂/ဥကမ(နိုင်)၀၈၁၅၂၅အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးအောင်သန်း(ဖခင်)သည် ၂၉-၇-၂၀၂၁ ရက်တွင်လည်းကောင်း၊ ဒေါ်ခင်စိန်(မိခင်)သည် ၅-၁၀-၁၉၈၇ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်ခင်သန်းမြင့် ၁၂/ဥကမ(နိုင်)၀၈၃၁၂၈မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍အခြားသော မွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်အမှတ်-၁၂၀၇/၂၀၂၅/၂၂-၇-၂၀၂၅၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်ပါနိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ကွင်းအမှတ်(၅)၊ ဟသ်ာကုန်းရပ်ကွက်၊ ဦးပိုင်အမှတ်(၁၃-က)၊ ဧရိယာ ၀ ဒသမ ၃၈၈ဧကရှိ မြေကွက်ကို ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် အမှတ်(၃၇)၊ လမ်း(၂၀) လသာနေ ဦးဖြိုးအောင် (ဘ) ဦးအောင်ကျော် ၁၂/လသန(နိုင်)၀၁၈၂၄၉နှင့် ဒေါ်မိုးသန္တာမြင့် (ဘ) ဦးမြင့်ရှိန် ၁၂/လသန(နိုင်)၀၂၀၅၅၀တို့ ပိုင်ဆိုင်ပါကြောင်း၊ ၎င်းခြံမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးဘုန်းမြင့်အောင် (ဘ)ဦးသိန်းဇော် ၇/ပခန(နိုင်)၂၀၇၅၇၅အား အပြီးအပြတ်ရောင်းချ၍ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ယခုကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၉၄)**
**အမှတ်(၁၃၈)၊ မွန်စံပြ(၁)လမ်း၊ ဟံသာကုန်းရပ်ကွက်၊ ပဲခူးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် ဒ-၃၊ ဦးပိုင်အမှတ် ၈၅၊ ၆၃-B လမ်း၊ ၃၇x၃၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ခင် ၁၃/လရန(နိုင်)၀၀၁၆၂၆၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၆၆၃/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးငွေ ၁၃/ကမန(နိုင်)၀၅၄၉၈၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ ရွာမရပ်ကွက်၊ ပညာ့ဂုဏ်ရည်လမ်းနေ ဒေါ်ခင်စိုးဝင်း ၇/နတလ(နိုင်)၀၀၀၆၉၆ မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ (၁၉)ရက်(တနင်္ဂနွေ)ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၃၀)၌ ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း ထည့်သွင်းရာတွင် ဒေါ်နီနီဦး နိုင်ငံသား စိစစ်ရေးကတ်ပြား ၇/နတလ(နိုင်)၀၉၇၀၇၅ ဟု ထည့်သွင်းဖော်ပြထားသည်မှာ မှားယွင်းနေပါသဖြင့် အမှန်တကယ် ဒေါ်နီနီဦး၏ လက်ဝယ်ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ၉/မရတ(နိုင်)၀၉၇၀၇၅ ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စိုးဝင်း လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) စဉ် - ၅၄၂၄၂**
**အထက်တန်းရှေ့နေ**
**ဇီးကုန်းကလေးရပ်ကွက်/အတွင်းလမ်း၊ နတ်တလင်းမြို့**
**ဖုန်း - ၀၉-၇၈၁၃၂၈၈၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၁)၊ ကွင်းလမ်းအကွက်၊ ဦးပိုင်အမှတ်(၁၃၆-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၁၉ဧက၊ ဦးပိုင်အမှတ်(၁၃၇-ဃ)၊ မြေဧရိယာ ၀ ဒသမ ၀၁၉ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ်(၁-A)၊ ကွင်းတန်းလမ်းနေ ဒေါ်အိဖြိုးကြည်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ တိုက်အမှတ် (A1)၊ အခန်းအမှတ် (418)၊ အခန်းအမျိုးအစား Type (B)၊ အကျယ်အဝန်း(905) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်နွေးနွေး ၁၃/ခရဟ(နိုင်) ၀၀၀၀၃၀ ထံမှ အပြီးပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဝေယံကိုကို ၁၃/တကန(နိုင်)၂၈၃၆၆၄**

**ဖုန်း - ၀၉-၇၅၁၈၇၃၂၆၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၈၄)ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၁၇၅)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀) ပါမစ်မြေကွက်အနက်မှ (အမှတ်-၁၇၄ နှင့်ကပ်လျက်ဘက်အခြမ်း) အကျယ်အဝန်း ပေ(၂၀x၆၀) နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းမြင့် ၁၂/မရက(နိုင်)၀၂၈၈၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိန္ဒြာကျော် ၁၂/လမန(နိုင်)၁၃၇၁၉၉မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာမာမြင့် (LL.B,LL.M,DIPL,DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၁)**
**အမှတ်(၁၃၈)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၀၉၂၅၀၅၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
## မဟာကွန်ပျူတာသိပ္ပံဘွဲ့/မဟာကွန်ပျူတာနည်းပညာဘွဲ့သင်တန်းသား/သူများ ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် မဟာဘွဲ့သင်တန်းများကို ၂၄-၁၁-၂၀၂၅ ရက်(တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။
၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး စုစုပေါင်း(၂)နှစ်သင်တန်း ဖြစ်ပါသည်။
၃။ သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
၄။ ပညာအရည်အချင်းသတ်မှတ်ချက်၊ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်သူဖြစ်ရမည်။
၅။ အဆိုပါသင်တန်းသို့ အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-
(က) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်ခဲ့သည့် ၂၀၂၄-၂၀၂၅ပညာသင်နှစ် ဘွဲ့ကြိုသင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ပြီး မဟာဘွဲ့သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများ၊
(ခ) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်သည့် ဘွဲ့ကြိုသင်တန်းအောင်မြင်ပြီးနောက် လုပ်ငန်းခွင် အတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူများ၊
(ဂ) အခြားတက္ကသိုလ်များ၏ ကွန်ပျူတာဘာသာရပ်နှင့်ဆိုင်သော ဘွဲ့ကြိုသင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး မဟာဘွဲ့သင်တန်းသို့ တက်ရောက်ရန်အဆင့်မီသူများ (သို့မဟုတ်) IT လုပ်ငန်းခွင်တွင် အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိသူများ၊
၆။ သင်တန်းတက်ရောက်ရန် လျှောက်ထားသူများအနက် အထက်ဖော်ပြပါ စာပိုဒ်(ခ)နှင့် (ဂ)ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ (Entrance Exam)ကို အောက်ပါအတိုင်းဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာနှင့် ဘာသာရပ်ဆိုင်ရာများ **(Data Structure, Artificial Intelligence, Operating System, Software Engineering, Data Analysis and Management, Computer Networking, Computer Architecure, Maths (IQ Test)** အား ဖြေဆိုရမည်ဖြစ်ပါသည်-

| **နေ့ရက်** | **ဘာသာရပ်** | **အချိန်** | **နေရာ** |
|---|---|---|---|
| ၁၈-၁၁-၂၀၂၅ | အင်္ဂလိပ်စာ | (၀၉:၀၀) မှ (၁၁:၀၀)နာရီ | သတင်းအချက်အလက်နည်းပညာတက္ကသိုလ် |
| (အင်္ဂါနေ့) | ဘာသာရပ် | (၁၃:၀၀)မှ (၁၅:၀၀)နာရီ | |
| ၁၉-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) | လူတွေ့ (နှုတ်ဖြေ) | (၁၀:၀၀)နာရီ | သတင်းအချက်အလက်နည်းပညာတက္ကသိုလ် |

၇။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့် ရရှိသူများစာရင်းကို ၂၁-၁၁-၂၀၂၅ရက် (သောကြာနေ့)တွင် ထုတ်ပြန် ကြေညာမည်။
၈။ သင်တန်းဝင်ခွင့်ဖြေဆိုရန် လာရောက်သောအခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။
၉။ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် ၂၄-၁၀-၂၀၂၅ ရက်(သောကြာနေ့)မှ စတင်ရယူနိုင်ပြီး ပတ်စ်ပို့အရွယ်ရောင်စုံ ဓာတ်ပုံ(၂)ပုံ နှင့်အတူ ၁၃-၁၁-၂၀၂၅ ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
၁၀။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ပါရမီလမ်း၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၇၇၄၁၅၂၁၆၆၊ ၀၉-၆၆၂၁၁၂၅၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
## သတင်းအချက်အလက်နည်းပညာပါရဂူဘွဲ့ သင်တန်းသား/သူများ ခေါ်ယူခြင်း

၁။ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် သတင်းအချက်အလက် နည်းပညာပါရဂူဘွဲ့သင်တန်း(Ph.D-IT) သင်တန်းကို (၂၄-၁၁-၂၀၂၅)ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။
၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး စုစုပေါင်း (၃) နှစ် သင်တန်းဖြစ်ပါသည်။
၃။ အဆိုပါသင်တန်းကို အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများ လျှောက် ထားနိုင်ပါသည်-
(က) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ် ရမည်။
(ခ) ကွန်ပျူတာဘာသာရပ်(သို့မဟုတ်)အလားတူ သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့ တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(ဃ) သင်တန်းအားအချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(င) သင်တန်းတက်ရောက်မည့် ကျောင်းသား/သူများသည် Referee(၂)ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။
(စ) သင်တန်းလျှောက်လွှာနှင့်အတူ မိမိပြုလုပ်လိုသော သုတေသနမူကြမ်း (Research Proposal) ပူးတွဲတင်ပြနိုင်သူဖြစ်ရမည်။
၄။ သင်တန်းတက်ရောက်ရန် လျှောက်ထားသူများအနက် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ (Entrance Exam)ကိုအောက်ပါအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာနှင့် ဘာသာရပ်ဆိုင်ရာများ **(Data Structure , Artificial Intelligence, Operating System, Software Engineering,Data Analysis and Management, Computer Networking, Computer Architecure, IQ Test)** အား ဖြေဆိုရမည်ဖြစ်ပါသည်-

| **နေ့ရက်** | **ဘာသာရပ်** | **အချိန်** | **နေရာ** |
|---|---|---|---|
| ၁၈-၁၁-၂၀၂၅ | အင်္ဂလိပ်စာ | (၀၉:၀၀) မှ (၁၂:၀၀)နာရီ | သတင်းအချက်အလက်နည်းပညာတက္ကသိုလ် |
| (အင်္ဂါနေ့) | ဘာသာရပ် | (၁၃:၀၀) မှ (၁၆:၀၀)နာရီ | |
| ၁၉-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) | လူတွေ့(နှုတ်ဖြေ) | (၁၀:၀၀)နာရီ | သတင်းအချက်အလက်နည်းပညာတက္ကသိုလ် |

၅။ IT ပညာရပ်နယ်ပယ်တွင် လုပ်သက်အတွေ့အကြုံ ၁၅ နှစ်နှင့် အထက်ရှိပြီး IT ဘာသာရပ်တွင် မဟာဘွဲ့တစ်ခုခု ရရှိပြီးသူများသည် အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲ (Entrance Exam)ဖြေစရာမလိုဘဲ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ ၁၉-၁၁-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင် လူတွေ့ဖြေဆိုရမည်ဖြစ်ပါသည်။
၆။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် ရရှိသူများစာရင်းကို ၂၁-၁၁-၂၀၂၅ရက် (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာမည်။
၇။ သင်တန်းဝင်ခွင့်ဖြေဆိုရန် လာရောက်သောအခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။
၈။ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် ၂၄-၁၀-၂၀၂၅ရက် (သောကြာနေ့)မှ စတင်ရယူနိုင်ပြီး ပတ်စ်ပို့အရွယ်ရောင်စုံ ဓာတ်ပုံ(၂)ပုံနှင့် အတူ ၁၃-၁၁-၂၀၂၅ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
၉။ အသေးစိတ်သိရှိလိုပါက သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ပါရမီလမ်း၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၇၇၄၁၅၂၁၆၆၊ ၀၉-၆၆၂၁၁၂၅၅၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာ**
**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/8780 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၁၇၊ ဦးပိုင်အမှတ် ၈၀-ဈ/၂၊ လမ်း ၆၀၊ ၁၉x၂၀ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးရဲထွေးအောင်ဝင်း ၉/ခအဇ (နိုင်)၀၀၆၂၆၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ် (၁၈၀၀) ဟုခေါ်တွင်သော မြေအလျားx အနံ (၄၀x၆၀)ပေအကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်အေး (DDE-005585) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်သော်တာထွန်း (၇/ပမန(နိုင်) ၁၁၄၂၁၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နီနီဦး (၅/ကဘလ(နိုင်)၁၀၈၅၃၆)မှ အပြီးအပိုင် ဝယ်ယူရန်အ တွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း များနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### စစ်ကိုင်းတိုင်းဒေသကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တိုးချဲ့/အစားထိုး တည်ဆောက်ခြင်းလုပ်ငန်း (ပစ္စည်း+လုပ်အား)များအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၂၅ ရက်မှ ၁၃-၁၁-၂၀၂၅ ရက်အထိ
၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၃-၁၁-၂၀၂၅ ရက် ၊ (၉:၀၀ နာရီမှ ၁၆:၀၀ နာရီ)
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ် အင်ဂျင်နီယာရုံး၊ မုံရွာမြို့။
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊**
**ဖုန်းနံပါတ် - ၀၇၁-၂၂၈၁၇/၀၉-၂၅၉၀၇၀၂၂၃**

### အများသိစေရန် ကြော်ငြာခြင်း

ကျွန်တော် ဦးကျော်သန်းမှ (၂၁-၅-၂၀၂၅)ရက်တွင် ရန်ကုန်မြို့တွင် တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုး(နိုတြီပတ်ဘလစ်)ထံ၌ REG No.AS-126- 21525ဖြင့် ဒေါ်သီတာအောင် ၇/တငန(နိုင်)၁၃၂၅၃၄အား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

သို့ရာတွင် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ကျွန်တော် ဦးကျော်သန်းမှ ဒေါ်သီ တာအောင် အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သန်း ၇/တငန(နိုင်)၀၀၁၂၆၈**
**ထီးနီကုန်းရွာမ၊ မင်းကြီးညို(၂၂)ရပ်ကွက်၊ တောင်ငူမြို့**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/6835 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုးနဲမြို့၊ အထကကျောင်းမှ အထက်တန်းပြ စိုင်းကျော်စိုးမိုးစိန်(ခ)ဦးကျော်စိုးမိုးစိန် ၁၃/မနန(နိုင်)၀၀၀၀၀၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာ၊ Star City၊ တိုက်အမှတ်(B-5)၊ အခန်း အမှတ်(၁၁၀၈)၊ (၁၁)လွှာကွန်ဒိုတိုက်ခန်း အပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးဟန်စိန် (၁၂/မရက(နိုင်)၀၂၇၄၄၀)၊ ဒေါ်ဝေယံခိုင်မွန် (၁၂/ရကန(နိုင်)၀၇၃၂၁၁) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးထက်ဝေဖြိုး (၁၂/သခန(နိုင်)၁၁၄၇၉၀)၊ ဒေါ်စန်းကြည် (၁၂/သခန(နိုင်)၀၂၁၈၇၃)တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇာလီ (LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/76523, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့အောင် ၉/အမဇ(နိုင်) ၀၆၇၃၇၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/34116, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းဦး ၁၄/ပသန(နိုင်)၂၅၉၄၄၆ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အထက(ခွဲ)ကျောက်တန်းကျောင်းတွင် ဒု-အလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ဦးကျော်စိုး ၈/စတရ(နိုင်)၀၁၃၅၆၄၏ ဖခင်အမည်မှာ ဦးဘိုးမြင့် နှင့် ဦးဖိုးမြင့်ဟူ၍ အမည် (၂)မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ဒွေးကျေးရွာမူလွန်ကျောင်းမှ အထွေထွေလုပ်သား ဦးဝင်းဗိုလ်၏အမည်မှန်မှာ ဦးဝင်းဘို ၈/စတရ(နိုင်)၀၀၇၇၇၄ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ (၂၂-၂-၁၉၆၉) ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)နေ (ဘ) ဦးဟော်ချော်ထိန်း၏သမီး ဒေါ်ဟော ရွှေမင်း ၁၃/ကခန(နိုင်)၀၃၃၁၅၁၈၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-666963) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၄၈၅၃၄၆၆**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/34407, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလထက်လင်း ၁၄/သပန(နိုင်) ၁၆၄၈၂၇ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/44453, Yamaha Filano 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်စိုး ၁၄/ပသန(နိုင်) ၁၈၂၀၉၄မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/7519, Honda PCX 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညာဏ်လင်း ၁၄/ဝခမ(နိုင်) ၂၂၆၃၇၀ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာ အနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၃၆)၊ ဦးပိုင်အမှတ် (၃-ခ)၊ ၉၀x၉၁ ကြား၊ ၂၈x၂၉ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးကျော်၊ ဒေါ်လှလှတို့ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၄၈/၁၉၇၃)ဖြင့် ဝယ်ယူခဲ့သော ဦးချစ်ဆွေ၊ ဒေါ်စောရီထံမှ အမွေဆက်ခံစာချုပ်အမှတ် (၇၅၇/၂၀၀၇)ဖြင့် အမွေဆက်ခံခဲ့သော ဦးမျိုးမင်းထွန်း၊ ဒေါ်လှငွေးတို့ထံမှ အရောင်းအဝယ်စာချုပ် အမှတ် (၃၂၇၁/၂၀၀၈)ဖြင့် ဝယ်ယူခဲ့သော ဦးဝင်းကျော်၊ ဒေါ်တင်တင်ခိုင်တို့၏ (SP ရရှိသူ ဒေါ်စောငွေးမာ) ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၈၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေး ၉/မရတ(နိုင်)၁၀၅၁၉၇က အမှုတွဲအမှတ် (၀၃၈၄/ဘ (ပြောင်း)/၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/94758, Honda C90 Custom CMR ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမောင် ၉/မနတ(နိုင်) ၀၄၁၇၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/48371,Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်း ၉/မရတ(နိုင်) ၁၂၀၂၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## မြန်အောင်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈

| | | |
|---|---|---|
| Microfinance Delta International Company Limited (Mifida)၏ ကိုယ်စား ဦးကိုကိုဦး | နှင့် | ၁။ ဒေါ်အေးမိုးထွေး<br>၂။ ဦးဇင်ဦးမောင်<br>၃။ ဒေါ်မြစန်း<br>၄။ ဦးထွန်းလင်းအောင်<br>၅။ ဒေါ်ငွေး |
| (တရားလို) | | (တရားပြိုင်များ) |

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့၊ မြို့မရပ်ကွက်၊ အေးမေတ္တာလမ်းနေ ဒေါ်အေးမိုးထွေး၊ ဦးဇင်ဦးမောင်(အတူနေလင်မယား)နှင့် ကြံခင်းမြို့၊ ရွှေတောင်စုရပ်ကွက်၊ (၂)လမ်းနေ ဦးထွန်းလင်းအောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေ (၁၂၂,၉၅၂,၆၉၀/–) (တစ်ထောင့်နှစ်ရာနှစ်ဆယ့်ကိုးသိန်း ငါးသောင်းနှစ်ထောင့် ခြောက်ရာ့ကိုးဆယ်ကျပ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်(၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူက တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဥဏ်မိုးအောင်)**
**ခရိုင်တရားသူကြီး**
**မြန်အောင်ခရိုင်တရားရုံး**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

ရွှေဘိုမြို့ ၊ အမှတ် (၅) ရပ်ကွက်၊ အကွက်အမှတ် (၁၁)၊ အကွက်အမည် (မင်းရပ်)၊ ဦးပိုင်အမှတ် (၇၄ᵇ)၊ ဧရိယာ(၀.၀၉၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် –

(က) အရှေ့လားသော် – ဦးပိုင်အမှတ် (၇၅ᶜ)
(ခ ) အနောက်လားသော် – ဦးပိုင်အမှတ်(၇၄ᵃ)
(ဂ ) တောင်လားသော် – ဦးပိုင်အမှတ်(၈၂)
(ဃ) မြောက်လားသော် – အစိုးရလမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးဟန်မျိုးထက်၊ ဒေါ်မိုးမိုးဦးတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့် တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်းလာရောက် ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ် နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန**
**ရွှေဘိုမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘိုကလေးမြို့၊ ပိုက်စလကျေးရွာအုပ်စု၊ ပိုက်စလကျေးရွာနေ ဒေါ်မေစီသန့် ၁၄/ဘကလ(နိုင်) ၂၁၄၀၇၂ ၏ဖခင်မှာ ဦးချစ်စမ်းမောင်နှင့် ဦးစိန်လက်သန်းတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်နှင့် ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အထက (၇)၊ Grade–4 မှ မောင်ဗန်မျိုးလျန်၏ အမည်မှန်မှာ မောင်မျိုးဝင်းနိုင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဗန်လျန်ထီယို ၄/ဖလန(နိုင်)၀၂၉၅၉၂ ဖြစ်ပါကြောင်း။ **ဦးဗန်လျန်ထီယို**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ် (၃/ ဃ–၂–၄(လမ်း)၊ (၀ဒဿမ၂)ဧက၊ မြေကွက်တည်နေရာ၊ အမှတ်(၅၃)၊ ပြည်လမ်း(ဖမိုင်ခွဲ)၊ (၁၁)ရပ်ကွက်၊ ဦးရဲထွန်း အမည်ပေါက် မြေပိုင်မြေ(လ/န– ၃၉ရပြီး)(အိမ်ယာမြေသတ်မှတ်)မြေအား အမည်ပေါက် (ဖခင်) ဖြစ်သူ ဦးရဲထွန်း သည် (၇–၅–၂၀၁၀)ရက်တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်ဥမ္မာမော်သည် (၄–၂–၂၀၂၄)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပြီး ကွယ်လွန်သူ မိခင်/ဖခင်တို့တွင် ဒေါ်ယုဇာမော်ထွန်းနှင့် ဦးအဂ္ဂါမော်ထွန်းတို့ မောင်နှမ(၂)ဦးကိုသာ မွေးဖွားခဲ့ပြီး မောင်ဖြစ်သူ ဦးအဂ္ဂါမော်ထွန်းသည် (၈–၁–၁၉၉၂)ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်သမီးဖြစ်သူ ဒေါ်ယုဇာမော်ထွန်း ၁၂/ ဗဟန(နိုင်) ၀၀၆၈၃၀မှ မိမိမှ လွဲ၍ အခြားသော သားသမီး/မွေးချင်းတစ်ဦး တစ်ယောက်မျှ မရှိပါကြောင်း၊ အမွေစားအမွေခံကိတ္တိမသား/သမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ အဆိုပါမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဤကျန်ရစ်သူသမီးအရင်း/မွေးချင်းအစ်မအရင်းဖြစ်သူ မိမိကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း (၇–၄–၂၀၂၅)ရက်စွဲပါ တရားရုံး ကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ ဦးရဲထွန်း၏ သေဆုံးမှုလက်မှတ်၊ ဒေါ်ဥမ္မာမော် ၏ သေဆုံးမှုလက်မှတ်၊ ဦးအဂ္ဂါမော်ထွန်းသေဆုံးသည်မှာမှန်ကန်ပါကြောင်း (၄–၆–၂၀၂၅)ရက်စွဲပါရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် (၆–၆–၂၀၂၅)ရက်စွဲ ပါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ သေစာရင်းမှတ်တမ်းမှာ ယခုအခါ သေစာရင်းဌာနတွင် ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်း (၂–၅–၂၀၂၄)ရက်စွဲပါ ပြန်ကြားစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ –၂၀)
## ဘားအံမြို့နယ်တရားရုံး
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၆

| | | |
|---|---|---|
| ကိုအာကာဗို | နှင့် | မလှသူဇာအောင် |
| (တရားလို) | | (တရားပြိုင်) |

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ကန်သာအေးကျေးရွာ၊ ကန်တောင်အုပ်စုနေ တရားပြိုင် မလှသူဇာအောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုအာကာဗိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" ဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ် စားလှယ်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၊ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၁ရက်(၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်း အပြင် အထက်ပါဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာ တမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန့်ဇင်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဘားအံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၃၃၃၀)၊ ဦးမြင့်ဦး (၁၂/တမန(နိုင်)၀၁၁၁၂၇) အမည်ပေါက် မြေချပါမစ်(မူရင်း)၊ ဧရိယာအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်မျိုးအောင် (၁၂/လမန(နိုင်)၁၃၈၀၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းလင်းအောင် (၉/နထက(နိုင်)၁၃၂၄၆၈)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းလင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မြတ်မွန်ခိုင် (LL.B)** | **ဒေါ်သင်းလဲ့လှိုင် (LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၅၆၇၄၅)** | **(စဉ်–၅၆၇၄၄)** |

**အမှတ် (၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉/အေ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၆၆၁၂၁၅၊ ၀၉–၄၂၀၁၂၁၆၃၅**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 21U/9613 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/29989, Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီမျိုးနွယ် ၉/ပကခ(နိုင်)၀၂၃၁၅၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၄၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်) ၁၃၁၆၃၁က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၉၉၈၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးပြည့်အောင် ၁၀/သဖရ(နိုင်) ၁၈၆၈၈၈က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၄၉၀၇၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းရီ ၁၀/ပမန(နိုင်)၂၉၅၇၃၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**




## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၃၈၇)၊ (၄၀x၆၀)ပေရှိမြေချပါမစ်အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားဦးထွန်းအေး (PGU–099508)အမည်ပေါက်မြေချပါမစ်မူရင်းနှင့်အတူဆက်စပ်စာချုပ် စာတမ်းမူရင်းတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဒေါ်အေးအေးအောင် (၈/သရန(နိုင်)၀၀၀၈၉၀)မှ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာ ရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူဦးစိုးသူရထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဒေါ်သီတာမိုး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၁၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၅၄၉၀)** |

ရုံး – ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉–၄၄၄၄၃၅၃၅၃၊ ၀၉–၈၇၇၄၅၈၅၂၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၅)၊ ဦးပိုင်အမှတ်(၁၉/ခ–၂၀)မြေကွက်၏ အရှေ့ဘက်ခြမ်း(၅၅x၂၂၃)ပေ အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်သည် ဒေါ်သန့်(မြေး)ဦးထွန်းကြွယ်– ဦးထွန်းကြည် အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ဦးအိန်စွိမှ ဒေါ်သန့်(မြေး)ဦးထွန်းကြွယ်–ဦးထွန်းကြည် တို့နှင့် (၅–၁–၁၉၈၉)နေ့စွဲဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး လက်ရောက်လွှဲပြောင်းဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။ ဦးအိန်စွိထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမင်းသူ(ဘ)ဦးထွန်းထွန်းက အရောင်းအဝယ်အရပ်ကတိ စာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာ သည့်ရက်မှစပြီး (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးအိန်စွိနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်မြင့် LLB ( Advocate ) တရားလွှတ်တော်ရှေ့နေ (စဉ်–၃၃၇၅)**
**၆၅x၆၆လမ်းကြား၊ ရေနီမြောင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၉ – ၄၀၂၅၉၆၅၅၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ် (၃/ ဃ–၂–၃+၄/င–၂–၂)၊ (၀ဒဿမ၂၁၂)ဧက၊ မြေကွက်တည်နေရာ၊ အမှတ်(၅၃)၊ ပြည်လမ်း (ဖမိုင်ခွဲ)၊ (၁၁)ရပ်ကွက်၊ ဦးရဲထွန်း အမည်ပေါက် မြေပိုင်မြေ(လ/န– ၃၉ရပြီး) (အိမ်ယာမြေသတ်မှတ်)မြေအား အမည်ပေါက် (ဖခင်) ဖြစ်သူ ဦးရဲထွန်း သည် (၇–၅–၂၀၁၀)ရက်တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်ဥမ္မာမော်သည် (၄–၂–၂၀၂၄)ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားပြီး ကွယ်လွန်သူ မိခင်/ဖခင်တို့တွင် ဒေါ်ယုဇာမော်ထွန်း နှင့် ဦးအဂ္ဂါမော်ထွန်းတို့ မောင်နှမ(၂)ဦးကိုသာ မွေးဖွားခဲ့ပြီး မောင်ဖြစ်သူ ဦးအဂ္ဂါမော်ထွန်းသည် (၈–၁–၁၉၉၂)ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်သမီးဖြစ်သူ ဒေါ်ယုဇာမော်ထွန်း ၁၂/ဗဟန (နိုင်) ၀၀၆၈၃၀မှ မိမိမှ လွဲ၍ အခြားသော သားသမီး/မွေးချင်းတစ်ဦး တစ်ယောက်မျှ မရှိပါကြောင်း၊ အမွေစားအမွေခံကိတ္တိမသား/သမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဤကျန်ရစ်သူသမီးအရင်း/မွေးချင်းအစ်မအရင်းဖြစ်သူ မိမိကသာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း (၇–၄–၂၀၂၅)ရက်စွဲပါ တရားရုံး ကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ ဦးရဲထွန်း၏ သေဆုံးမှုလက်မှတ်၊ ဒေါ်ဥမ္မာမော်၏သေဆုံးမှုလက်မှတ်၊ ဦးအဂ္ဂါမော်ထွန်းသေဆုံးသည်မှာမှန်ကန်ပါကြောင်း(၄–၆–၂၀၂၅)ရက်စွဲပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် (၆–၆–၂၀၂၅)ရက်စွဲပါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ သေစာရင်းမှတ်တမ်းမှာ ယခုအခါ သေစာရင်းဌာန တွင် ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်း မပြုနိုင်ပါကြောင်း (၂–၅–၂၀၂၄)ရက်စွဲပါ ပြန်ကြားစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/3939 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/43954 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (ITCS-၂၆ / ၂၇)-၂၀၂၅ (ဒုတိယအကြိမ်)

၁။ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်၊ (ဧပြီလမှ မတ်လ)အထိ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ တင်ဒါပေးသွင်းလိုသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **ဆောင်ရွက်မည့် လုပ်ငန်းများမှာ-**

| | | |
|---|---|---|
| (က) | ITCS-၂၆/၂၀၂၅ | Network Equipments များ ဝယ်ယူ တပ်ဆင်ခြင်း (Turnkey) |
| (ခ) | ITCS-၂၇/၂၀၂၅ | Firewall နှင့် Load Balancer များ ဝယ်ယူ တပ်ဆင်ခြင်း (Turnkey) |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၂၅ ရက်မှ ၁၄-၁၁-၂၀၂၅ ရက်အထိ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ စီမံရေးရာနှင့်ထောက်ပံ့ဌာနခွဲ၊ ရုံးအမှတ်(၂)၊ နေပြည်တော်

**တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ စီမံရေးရာနှင့်ထောက်ပံ့ဌာနခွဲ၊ ရုံးအမှတ် (၂)၊ နေပြည်တော်

**တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** - ၁၄-၁၁-၂၀၂၅ရက် (သောကြာနေ့)၊ (၁၃:၀၀) နာရီအထိ

**တင်ဒါစာရွက်စာတမ်းကြေး** - တင်ဒါအမှတ်စဉ် ၂၆၊ ၂၇ (၅၀,၀၀၀ကျပ်)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာ လုံခြုံရေးဦးစီးဌာန၊ စီမံရေးရာနှင့်ထောက်ပံ့ဌာနခွဲ၊ ရုံးအမှတ်(၂)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၀၇၇၅၃နှင့် ၀၆၇-၃၄၂၀၂၀၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ(ဆက်သွယ်ရေး)**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊ နေပြည်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ပြည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၆

မစောသန်းကြည် **နှင့်** ကိုမျိုးမင်းသူ
**(တရားလို)** **(တရားပြိုင်)**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ ခွေးရဲအလယ်စုရွာနေ၊ ကိုမျိုးမင်းသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မစောသန်းကြည်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်း၏ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ရတနာဖြိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ပြည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ သရဖီလမ်း၊ မြေကွက်အမှတ်(၆၅၀)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်သည် ဦးရွှေဝင်း (AA-027225) ၏ အမည်ပေါက်ဖြစ်ပြီး အဆိုပါပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်လီရင်ရင်(ခ)မရင်ရင် ၁၂/ကတတ(နိုင်)၀၂၄၇၆၂ က ယခုရောင်းချသည့်အိမ်ခြံမြေအား မိမိတစ်ဦးတည်းသာ တရားဝင် လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းအပေါင်အနှံကင်းရှင်းကြောင်း တာဝန်ယူဝန်ခံကတိပြုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်လွင် ၁၂/မဂတ(နိုင်)၀၀၈၈၉၈က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုကို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၄၉)**
**အမှတ်(၂၃)၊ လမ်း၁၃၀နှင့် သုံးမြှောင့်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
**ဖုန်း-၀၉-၇၈၁၆၈၅၀၄၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၅-၂၀၂၆) ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်- 15DMS/2025-2026 (L) ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကိုတင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၂၅ ရက်၊ (သောကြာနေ့)

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** - ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၁၁-၂၀၂၅ ရက်၊ (တနင်္လာနေ့) မွန်းတည့် (၁၂:၀၀) နာရီ

**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မိုရ်သော်တာ ၁၂/လကန(နိုင်)၂၂၆၇၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ၊ ခိပ္ပလမ်း၊ အမှတ်(၃/၃၆)ဟုခေါ်တွင်သော ပေ(၂၅x၉၀)ရှိ မြေကွက်နှင့်နေအိမ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေဒေါ်မြင့်မိုရ်သော်တာနှင့် ဦးညီညီထွေးတို့ပိုင်ဆိုင်ခဲ့ရာမှ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးညီညီထွေးတို့ ကွာရှင်းပြတ်စဲ၍ ပစ္စည်းခွဲဝေချိန်တွင် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းပိုင်အဖြစ် ရရှိခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချပေါင်နှံပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မပြုလုပ်ကြရန်နှင့် ပြုလုပ်လာပါက ဥပဒေအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မိုရ်သော်တာ** **ဦးဝင်းထွဋ် (ဥပဒေတွဲ့)**
**၁၂/လကန(နိုင်)၂၂၆၇၆၀** **အထက်တန်းရှေ့နေ (စဉ်-၂၄၅၂၈)**
**ရုံး-ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း ၊ အင်းစိန်**
**ဖုန်း-၀၉-၇၈၄၄၁၁၁၇၅**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာခြင်း

မြေကွက်အမှတ်(၄၉၃)၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ဦးခင်မြင့် အမည်ပေါက် မြေချပါမစ်(မူရင်း)အား အမွေခံသားဖြစ်သူ ဦးရဲထွန်းအောင် ၁၂/ဗဟန(နိုင်)၀၁၉၅၁၆ မှ ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မိဘနှစ်ပါး၏ ကျောက်တံတားမြို့နယ် တရားရုံးတွင် ၂၁-၈-၁၉၉၁ ရက်စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်း ကတိသစ္စာပြုလွှာတွင် ပစ္စည်းခန်းခွဲဝေခြင်းအား ဖော်ပြထားမှုမရှိပါသဖြင့် ၎င်းအား မြေချပါမစ်(မူရင်း) ပြန်လည်ထုတ်ပေးခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဘဏ်ခွဲမန်နေဂျာ**
**မြန်မာ့စီးပွားရေးဘဏ်**
**ဘဏ်ခွဲ(၄)၊ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၁၂)၊ မြေဧရိယာ ပေ(၄၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေမှာ ဒေါ်မြင့်ကြည် ၁၂/ကတတ(နိုင်)၀၁၇၂၄၁ အမည်ဖြင့်ရှိပြီး၊ ပင်းယ(၁)လမ်းပေါ်မှ မျက်နှာမူလျှင် လက်ယာဘက်အခြမ်း၊ မခွဲမစိတ်ရသေးသော ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၁၁၂/က)ဟုခေါ်တွင်သော RC နှစ်ထပ်တိုက်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဒေါ်အေးစန္ဒာထွေး ၁၂/ဒဂမ(နိုင်)၀၀၀၇၆၄က လက်ရှိတရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ဦးမြလွင် ၁၂/ဥကတ(နိုင်)၀၃၉၁၆၈နှင့် ဒေါ်အေးအေးသွယ် ၁၂/ဥကတ(နိုင်)၁၄၁၁၃၆ တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြလွင်နှင့် ဒေါ်အေးအေးသွယ်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်ဆွေ B.A (Law), LL.B,D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၃)**
**အမှတ်-၁၇/၂၁၊ ၃၅-လမ်း (အောက်)၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၀၉၁၆၇၊ ၀၉-၇၉၅၀၀၉၁၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၉)ရပ်ကွက်၊ မောင်ပုလမ်း၊ မြေကွက်အမှတ်(၁၅၉)၊ အကျယ်အဝန်း (၄၀x၆၀)ပေ စတုရန်းပေ(၂၄၀၀)ရှိ မြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် တရားဝင် ဝယ်ယူခွင့်ရရှိထားသူ ဦးကျော်ဝင်း ၁၀/သထန(နိုင်)၀၂၄၇၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးဝင်း ၁၁/မပန(နိုင်)၀၇၄၈၅၀ က အပြီးအပိုင်တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသည့် သက်သေအထောက်အထားမူရင်းများကို ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, W.I.P.O Switzerland)၊ အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဗမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၃၄)လမ်းထောင့်၊ မြေကွက်အမှတ် (K-၉၁)၊ အလျားxအနံ ပေ(၄၀x၆၀)အကျယ်ရှိ ဦးစန်းမောင် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဇော်စိုးညွှန့် ၇/ပခန(နိုင်)၂၁၅၆၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝေ ၁၂/သလန(နိုင်)၀၀၇၁၉၆ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည်(LLB,D.B.L,D.I.P.L)(စဉ်-၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LLB,D.I.PL)(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်-(၁၂၈)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ (၇)ထပ်အဆောက်အအုံ၏ (၄လွှာA)တတိယထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(၁၂.၅x၆၀)ပေရှိ ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ အပြည့်အစုံအပါတိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိထားကာရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်အောင်ဇော် ၁၄/မမက(နိုင်)၂၂၈၃၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီးကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်းမြင့်နှင့်တန်ရှုမွေး(ခ)ဒေါ်ရင်မြတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)** | **ဒေါ်မေဝင်းမော်(LL.B)** | **ဒေါ်တင်မျိုးအေး(LL.B,LL.M)** |
| **စဉ်-၁၁၄၄၅/၂၀၁၆** | **စဉ်-၁၃၇၂၈/၂၀၁၇** | **စဉ်-၁၈၆၅၃/၂၀၂၃** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-(၄၀၅)(၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃ ၊ ၀၉-၈၈၂၂၂၀၈၅၊ ၀၉-၄၄၈၀၂၀၀၄၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆အိပ်ချ်၊ မြေကွက်အမှတ် ၃၅အေ/၄+၃၅အယ်လ်/၁၊ ဧရိယာ ၀ ဒသမ ၄၃၉ ဧက၊ မြေကွက်တည်နေရာ အမှတ်-၈၁A၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်ဥမ္မာမော် ၁၂/ဗဟန(နိုင်)၀၀၇၆၇၁ အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက်(မိခင်) ဒေါ်ဥမ္မာမော်သည် ၄-၂-၂၀၂၄ ရက်နှင့် (ဖခင်) ဦးရဲထွန်းသည် ၇-၅-၂၀၁၀ရက်တို့တွင် အသီးသီးကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် သားသမီးများဖြစ်သော ဒေါ်ယုဇာမော်ထွန်းနှင့် ဦးဥက္ကါမော်ထွန်းတို့အား မွေးဖွားခဲ့ပြီး သားဖြစ်သူ ဦးဥက္ကါမော်ထွန်းသည် မိခင်ဖခင်တို့ထက်စော၍ (လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သွားပါသဖြင့် ကျန်ရှိသည့်သမီးဖြစ်သူ ဒေါ်ယုဇာမော်ထွန်း ၁၂/ဗဟန(နိုင်)၀၀၆၈၃၀ မှ ၎င်းတို့မောင်နှမ(၂)ဦးတည်းကိုသာ မွေးဖွားခဲ့ပြီး ၎င်းမှလွဲ၍ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် အမွေစား အမွေခံကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း မရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျောက်တံတားခရိုင်တရားရုံး မှတ်ပုံတင်အမှတ် ၁၁၈၆/၂၀၂၄(၁၀-၅-၂၀၂၄)ရက် ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၁)စောင်၊ ကတိသစ္စာပြုလွှာ(၁)စောင်၊ ဒေါ်ဥမ္မာမော်၏သေဆုံးမှုလက်မှတ်၊ ဦးရဲထွန်း၏သေဆုံးမှုလက်မှတ်(မိတ္တူ)၊ ၈-၁-၁၉၉၂ ရက် ဦးဥက္ကါမော်ထွန်း သေစာရင်း(မိတ္တူမှန်) ထုတ်ပေးနိုင်ခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၏ ၂-၅-၂၀၂၄ရက်ပြန်ကြားစာ၊ လှိုင်မြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ဦးဥက္ကါမော်ထွန်းသည် ၈-၁-၁၉၉၂ ရက်တွင် ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ၄-၆-၂၀၂၅ ရက်စွဲဖြင့် ထောက်ခံစာ၊ လှိုင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဥက္ကါမော်ထွန်းသည် ၈-၁-၁၉၉၂ ရက်တွင် ကွယ်လွန်သည်မှာမှန်ကန်ကြောင်း ၆-၆-၂၀၂၅ ရက်စွဲဖြင့် ထောက်ခံစာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက် စွန့်လွှတ်စာချုပ်အမှတ် ၂၁၃၄/၂၀၀၄ (၂၀-၇-၂၀၀၄) ရက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/7567 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ တိုက်အမှတ် (၃၉၄)၊ ပထမထပ်၊ ဧရိယာ (၁၉၅၀)စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမြင့်ဆွေ ၁၂/ဗတထ (နိုင်)၀၀၃၄၄၁နှင့် ဒေါ်ဝေဝေသန်း ၁၂/ဗတထ(နိုင်)၀၀၃၄၀၉ တို့က လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်စောမြတ်မွန် ၁၂/ဥကမ(နိုင်)၁၇၄၈၆၇ က လက်ခံသဘောတူသဖြင့် ကာလတန်ဖိုးနှင့်အညီ ဝယ်ယူရန်အတွက် ၂၉-၁၀-၂၀၂၅ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆိုပြီး စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေဝယ်ယူထားကြောင်း အများသိစေရန်နှင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ကျွန်ုပ်မိတ်ဆွေဝယ်ယူရန်ကိစ္စကို ရှေ့ဆက်၍ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စောမြတ်မွန်** **ဒေါ်မေသွယ်တင်လတ် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၂)**
**တိုက် (၆/၃၁)၊ ဘယသုဒ္ဓိလမ်း၊**
**ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရေဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ် (၁၁)ရပ်ကွက်၊ အမှတ်(၁)နေ ဦးသန်းညွန့်၏သား မောင်စိုးသူ ၁၄/မအပ(နိုင်)၃၄၅၀၂၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၀၈၀၅၄၄၆**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အ.လ.က(လမ်းမတော်) Grade-2 မှ မဝသုန်နှင်း၏ အမည်မှန်မှာ နော်ဝသုန်နှင်းဖြစ်ပြီး ဖခင်အမည်မှန်မှာ စောမျိုးသန့် ၇/မလန(နိုင်)၀၉၄၆၇၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၁)ကျောင်း Grade-10(A)မှ မသီရိစံ၏ဖခင် ဦးသန်းထွန်းဝင်း၏ အမည်မှန်မှာ ဦးသန်းထွန်း ၈/မမန(နိုင်)၁၇၀၃၇၁ ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4020 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/6158, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရိန်မိုးသူ ၇/ပတန(နိုင်)၁၅၁၄၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း
## School of Industrial Training and Education (SITE)
## သင်တန်းသားသစ်များခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE)တွင် ကာလတိုသင်တန်းများဖြစ်သည့် အောက်ဖော်ပြပါ သင်တန်းများအား ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါသည်။

၁။ ဖွင့်လှစ်သင်ကြားမည့် သင်တန်းများ

(က) Certificate in Woodworking Technology

(ခ) Certificate In Basic Industrial Technologies

(ဂ) Advanced Certificate In Industrial Automation

၂။ လျှောက်ထားသူများသည် အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်–

အမှတ်စဉ်(က)သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ ITC သင်တန်းအောင်မြင်ပြီးသူများ၊ G.T.H.S (BT,MT) နှင့် A.G.T.I(Civil) သင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ခ)သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ ITC သင်တန်းအောင်မြင်ပြီးသူများ၊ G.T.H.S (EcT, ET, IT, MT, AMT ) နှင့် A.G.T.I (EC, EP, Mech, IE ) သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ဂ)သင်တန်းအတွက် လျှောက်ထားသူသည် စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း(SITE)မှ ဖွင့်လှစ်ခဲ့သော Certificate in Basic Industrial Technologies သင်တန်းအောင်မြင်ပြီးသူများ၊ A.G.T.I (EC, EP, Mech, IE )သင်တန်း တက်ရောက် အောင်မြင်ပြီးသူများ နှင့် B.Tech / B.E (EC, EP, Mech, MC)ဘွဲ့ရပြီးသူများ လျှောက်ထား နိုင်သည်။

၃။ သင်တန်းအားလုံးအတွက် လျှောက်ထားသူများသည် နည်းပညာနှင့် သက်မွေးလုပ်ငန်း သဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ ပဏာမရွေးချယ်ခံရပြီးသူများ Interview ဖြေဆိုရမည်ဖြစ်သည်။ သင်တန်းကာလ(၄)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုအောင်လက်မှတ် (Certificate) ရရှိမည် ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(၃)ပုံ၊ သက်ဆိုင်ရာ အောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ၊ ကျန်းမာကြောင်းထောက်ခံချက်မူရင်းနှင့် ရဲစခန်းထောက်ခံစာမူရင်းတို့အား ပူးတွဲလျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားသည့်အချိန်တွင် သက်ဆိုင်ရာ အောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့အား တစ်ပါတည်း တင်ပြနိုင်ရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိပါက (၁)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်၊ ရဲစခန်းထောက်ခံစာနှင့်တကွ ပူးတွဲလျှောက်ထားနိုင်ပါသည်။

၅။ **သင်တန်းဖွင့်လှစ်မည့်ရက်** – ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်

**သင်တန်းဖွင့်လှစ်မည့်နေရာ** – စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း(SITE) အမှတ်(၁၂၃)၊နတ်မောက်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဆက်သွယ်စုံစမ်းရန်ဖုန်း** – ၀၉–၂၆၈၂၃၇၅၅၂

၆။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)၊ Website www.site.edu.mm တွင် Download ရယူ၍ သော်လည်းကောင်း၊ ရုံးဖွင့်ရက်များတွင် လျှောက်လွှာများကို နံနက်(၉:၀၀)နာရီမှ ညနေ(၄:၀၀)နာရီအတွင်း ထုတ်ယူ၍ သော်လည်းကောင်း၊ (၅–၁၂–၂၀၂၅)ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ပေါင်းလောင်း–၃၊ မြေကွက်အမှတ်(၁၇၈၂၊ ၁၇၈၃)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးဇေယျမောင်မောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဦးကောင်းငြိမ်းသူ ၅/စကန(နိုင်)၁၇၈၃၂၀ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၂၀၃/၂၀၂၅)၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၇)၊ ငွေစင်လမ်း၊ မြေကွက်အမှတ်(၁၃၉၄)ဟုခေါ်တွင်သည့် ဒေါ်ကြည် အမည်ပေါက် ပါမစ်မြေအမျိုးအစားအကျယ်အဝန်းပေ(၄၀x၆၀) အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ပေ(၂၀x၆၀)၊ (မြေကွက်အမှတ် ၁၄၁၁နှင့် ကပ်လျက်)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ခင်မြင့် ၁၂/အစန(နိုင်)၀၁၀၉၈၁မှ အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိ ကြောင်းပြောဆိုဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြဝေ ၈/တတက(နိုင်)၀၅၉၇၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝေယံစိုး (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၅၄၇)**
**အမှတ်(၅၄၆/က)၊ ဆုပြည့်ရတနာ(၃)လမ်း၊**
**(၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ဖုန်း–၀၉–၂၅၀၉၄၈၄၀**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၆)နှင့် တံတားအထူးအဖွဲ့(၁၀)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၆)နှင့် တံတားအထူးအဖွဲ့(၁၀)မှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်–မန္တလေးအမြန်လမ်း၊ မိုင်တိုင်(၁၆၅/၁–၁၆၅/၃)ကြားရှိဆွာချောင်းတံတား(အပြန်လမ်း)၌ အသုံးပြုရန်လိုအပ်သော ကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း/သယ်ယူပို့ဆောင်ခြင်းနှင့် စက်/ယာဉ်ယန္တရားများ ငှားရမ်း/သယ်ယူ/ပို့ဆောင်ခြင်း အိတ်ဖွင့်တင်ဒါအား ၂၃–၁၀–၂၀၂၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ပါသည်။ လျှောက်လွှာပုံစံအရောင်းပိတ်မည့်ရက်နှင့် တင်ဒါဖွင့်မည့်ရက်အား အောက်ပါအတိုင်း ပြောင်းလဲကြောင်း အသိပေးအပ်ပါသည်–

| | | |
|---|---|---|
| ၁။ | **လျှောက်လွှာပုံစံအရောင်းပိတ်မည့် ရက်/အချိန်** | – ၁၁–၁၁–၂၀၂၅ရက်၊ (၁၆:၃၀)နာရီ |
| ၂။ | **တင်ဒါအာမခံကြေးနောက်ဆုံး ပေးသွင်းရမည့်ရက်/အချိန်** | – ၁၇–၁၁–၂၀၂၅ရက်၊ (၁၆:၃၀)နာရီ |
| ၃။ | **တင်ဒါဖွင့်မည့် ရက်/အချိန်** | – ထပ်မံအကြောင်းကြားပါမည်။ |
| ၄။ | **တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ** | – တံတားဦးစီးဌာန၊ အစည်းအဝေးခန်းမ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားအထူးအဖွဲ့ (၆) ဖုန်း–၀၉–၇၈၈၀၀၇၀၃၁၊ ၀၉–၂၅၄၅၇၀၇၄၅ နှင့် တံတားအထူးအဖွဲ့(၁၀) ဖုန်း–၀၉–၅၁၉၀၉၉၈၊ ၀၉–၄၅၀၀၀၅၅၆၆ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ မာန်အောင်အကွက်၊ ဦးပိုင်အမှတ်(၁၀၈/၁)၊ မြေဧရိယာ၀ဒသမ၁၂၅ဧကရှိ မြေကွက်အား ဒေါ်နန်းဖြူဖြူလှိုင်သည် မိခင်ဖြစ်သူ ဒေါ်အေးမြင့်ထံမှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီး ၎င်းမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်းများ မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းဖြူဖြူလှိုင်**
**၃/ဘအန(နိုင်) ၀၅၇၉၁၆**
**ဗိုလ်ချုပ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဘားအံမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၄၂)ဟုခေါ် တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၂ပေခွဲxပေ၅၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို ကန်ထရိုက်တာထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်လှလှမြင့် ၁၁/ကဖန(နိုင်) ၀၃၇၇၂၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးစံ ၁၁/ကဖန(နိုင်)၀၇၀၅၂၉ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး(LL.B) (စဉ်–၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၁၅၉၉၀၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## အများသိစေရန်ကြေညာချက်

မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်းနှင့်ဂန္ဓမာလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၈၇/အေ)၊ အမှတ်(၈၇/အေ)ရှိ ဆန်းသီဂီ အထွေထွေစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းလီမိတက်အမည်ပေါက် မြေပေါ်တွင် ကြယ်စင်ဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အကျိုးတူလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် Basement+(၈)ထပ်တိုက် အဆောက်အဦသစ်ဆောက်လုပ်ခွင့်ပြုပါရန် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံချက်၊ သမဝါယမပိုင်မြေအား ငှားရမ်း၍ အဆောက်အဦဆောက်လုပ်ခြင်းများအတွက် ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ထောက်ခံချက်နှင့် သမဝါယမအသင်း အမှုဆောင်အစည်းအဝေးဆုံးဖြတ်ချက်များ ပူးတွဲတင်ပြ၍ ဦးမျိုးသန့် (အုပ်ချုပ်မှုဒါရိုက်တာ၊ ဆန်းသီဂီအထွေထွေစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်)မှ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ မြေကွက်အမှတ် (ပ–၁၆၀)ကို အမည်ပေါက် ဒေါ်လှဌေးကြည်(ဘ)ဦးပေါက်စ ၉/ပမန(နိုင်)၂၀၈၂၀၀ မှ ဒေါ်အေးအေးမော်(ဘ)ဦးခဲမြင့် ၉/မနမ(နိုင်)၀၇၇၄၄၀ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇/နန်းတော်ရာ)၊ ဦးပိုင်အမှတ် (၁၆၆/က၊ ၁၆၆/ခ)၊ မြေဧရိယာ ၀ ဒသမ ၁၆၀ဧကရှိ မြေသည် ဒေါ်ခင်မေကြည် အမည်ဖြင့် မြေငှား ဂရန်အမှုတွဲအမှတ်၊ RP No. 31 V of 1976–1977 (30 Year) မြေငှားဂရန်သက်တမ်းမှာ ၁၈–၃–၁၉၈၉ ရက်မှ ၁၇–၃–၂၀၁၇ရက်ထိဖြစ်ကြောင်း၊ မြေငှားဂရန် အမည်ပေါက်သူ ဒေါ်ခင်မေကြည်သည် ဦးတင်လှနှင့် အိမ်ထောင်ကျပြီး (၉–၁၂–၂၀၁၃)ရက်နေ့တွင် ကွယ်လွန်သွားခဲ့၍ ခင်ပွန်းဖြစ်သူ ဦးတင်လှမှ အဆိုပါမြေကွက်များအား လက်ရှိထား စီမံခန့်ခွဲ အကျိုးခံစားခွင့်ရရှိနေထိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း ၆–၈–၂၀၂၅ရက်တွင် စစ်ကိုင်းခရိုင်တရားရုံး၌ ကျမ်းကျိန်ဆိုပြီး ယင်းနေ့၌ပင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆို၍ ဦးတင်လှ ၉/ပကခ(နိုင်)၀၀၀၄၃၉ မှ ဒေါ်သိင်္ဂီထွန်း ၅/ရဘန(နိုင်)၁၃၀၇၄၇သို့ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့၍ စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သိင်္ဂီထွန်းအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း/သက်တမ်းတိုးထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်–၄၀၉ တွင် နေထိုင်သူ ဦးအောင်မြင့်ဝင်း ၅/ယမပ(နိုင်) ၁၂၁၃၀၆ နှင့် မနုနုအေး ၅/ယမပ (နိုင်) ၀၈၈၂၅၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေများသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ၊ အမှတ် (2A–183) ဟုခေါ်တွင်သော အလျား ၄၅ ပေ x အနံ ၁၅ ပေ အကျယ် အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် စပ်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်ရန်အတွက် စရန်ငွေအချို့ကိုပေးချေခဲ့ပြီးဖြစ်ရာ ရောင်းချသူဦးတင်မောင်လတ် ၁၂/အစန(နိုင်)၁၇၀၇၈၈ နှင့် ဒေါ်စန်းစန်းဌေး ၁၂/အစန(နိုင်)၁၆၈၈၂၃ တို့ကလည်း စရန်ငွေများအား လက်ခံရယူခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်၏ထံတွင် ဖြစ်စေ၊ ဦးအောင်မြင့်ဝင်းနှင့် မနုနုအေးတို့ထံတွင် ဖြစ်စေ ခိုင်မာသော စာမှတ်စာတမ်းများကို တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

၁၅–၁၁–၂၀၂၅ ရက်၊ ညနေ ၁၆:၀၀ နာရီအထိ ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများက တိုက်ခန်းအရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်ဝင်းနှင့် မနုနုအေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မာဦး**
**LL.B, D.I.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၉၈/၅.၁၂.၂၀၁၉)**
**အမှတ်–၂၁၆/ခ၊ ကွက်သစ်(၂)အောက်လမ်း၊ ကွက်သစ်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**Ph: 09–420013713၊ 09–975798458**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ကားဂိတ်ခန်းအမှတ် (က–၄၀)ဆိုင်ခန်းအား အမှတ်(၁/၂၈၀)၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နေ၊ ဦးသိန်းဟန် ၉/ပမန(နိုင်)၀၁၁၂၁၃က အမည်ပေါက်ပိုင်ဆိုင်ပါသည်။

၂။ အဆိုပါဆိုင်ခန်းအမှတ်(က–၄၀) အား (က–၁၇)၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ ဘောဂဝတီရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်နေ ဦးအောင်မျိုး ၁၂/ဥကတ(နိုင်)၀၀၄၈၇၃ အမည်သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ အခွန်ထမ်းအမည်ပြောင်းလဲမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် ခိုင်လုံသောအထောက်အထားတင်ပြနိုင်မှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၃)ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ်(၁၀၃)နေ ဦးမြင့်နိုင် ၁၂/ဒဂန(နိုင်)၀၁၆၅၉၃နှင့် ဒေါ်လှလှ ၁၂/ဒဂန(နိုင်) ၀၁၄၅၄၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

အထက်ဖော်ပြပါ နေရပ်လိပ်စာတွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်နိုင်နှင့် ဒေါ်လှလှတို့အကြင်လင်မယားတွင် သားသမီး(၃)ဦးရှိသည့်အနက် သမီးအကြီးဆုံးဖြစ်သူ မချိုချိုမာ(ခေတ္တစင်ကာပူ)သည် အိုမင်းနေပြီဖြစ်သော မိဘနှစ်ပါးအား ပေးကမ်းထောက်ပံ့ခြင်းလုံးဝမပြုသည့်အပြင် မိဘများအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေရန်ပြုလုပ်ခြင်း၊ သားသမီးတို့ပြုလုပ်အပ်သော ဝတ္တရား(၅)ပါးအား ထိန်းသိမ်းစောင့်ရှောက်ရန်ပျက်ကွက်ခြင်းတို့ကြောင့် မိဘနှစ်ပါးဖြစ်သည့် ဦးမြင့်နိုင်နှင့်ဒေါ်လှလှတို့မှ သမီးမချိုချိုမာအား ယနေ့ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် မချိုချိုမာနှင့်ပတ်သက်၍ အခြားလူမှုရေးပြဿနာများ၊ ငွေရေးကြေးရေးပြဿနာကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်နိုင်နှင့် ဒေါ်လှလှတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးတင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၀၁၃)**
**အမှတ်(၁၂၉)၊ (၅/၃)ရပ်ကွက်၊ စိန်ရတနာလမ်း**
**ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၂၅၆၅၅၀၅၆၂**

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ အ.ထ.က(ကော့ခမယ်) Grade–11 မှ မမွန်လေးမွန်၏ဖခင် မင်းရတနာအောင်နှင့် ဦးရတနာအောင် ၁၀/ရမန(နိုင်)၁၁၁၀၂၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မင်းရတနာအောင် (ခ)**
**ဦးရတနာအောင်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ လှည်းပွဲကြီးကျေးရွာအုပ်စု၊ လှည်းပွဲကြီးကျေးရွာနေ ဦးတင်လင်း၏သား မောင်သိန်းဇော် ၈/တတက(နိုင်)၂၅၀၀၅၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉– ၄၂၂၉၂၂၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/2401 Huangguan 125ZH ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ခန့်ဦး ၉/လဝန(နိုင်)၁၂၃၉၆၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/89139 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၁၄/မအပ(နိုင်)၁၄၈၆၈၄က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ မင်းလှကျွင်းကျေးရွာအုပ်စု၊ လေးပင်ကျေးရွာနေ ဦးကျော်ဟန်၏သား မောင်အောင်ကျော်ဖြိုး ၈/မဘန(နိုင်)၁၅၀၂၈၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉– ၂၆၄ ၈၉၈၇၀၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 31W/82740, Luojia–110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသူအောင် ၈/ရနခ(နိုင်)၀၉၈၀၄၉ က (ကမ–၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## အလိမ္မာ စာမှာရှိ

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/57187 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/7302 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/89593 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/3497 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရဲတံခွန်တာဝါ (ပန်းလှိုင်အိမ်ရာ)ရှိ အခန်းအမှတ် (၁၀၁) ကိုရဲတံခွန်ကုမ္ပဏီလီမိတက်ထံမှ ဒေါ်ဖြူဖြူ (PWA-046067)က အမည်ပေါက် ဝယ်ယူထားပြီးသားဖြစ်သူ ဦးမျိုးသီဟ ၁၄/ဟသတ(နိုင်)၀၄၉၆၃၄ ကရင်း၏အမည်ဖြင့် ပိုင်ဆိုင်မှုစာအုပ် (Owner Book) ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ လျှောက်ထားလာသည့်အတွက် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/6293 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှေသာကြီး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်) | ခန့်ထားမည့်ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၇) နေရာ<br>(ကျား/မ) | နည်းပညာတက္ကသိုလ်တို့မှ ကွန်ပျူတာ ဘာသာရပ်ဆိုင်ရာဘွဲ့ ရရှိသူနှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ဘွဲ့ရရှိသူ |
| (ခ) | စစ်ဆေးရေးမှူး(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၆) နေရာ<br>(ကျား/ မ) | အင်ဂျင်နီယာဘွဲ့ရရှိသူ<br>B.E (Mechanical, Electrical, Electronics, Mechatronics, Civil, Information Technology) |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၂) နေရာ<br>(ကျား) | အင်ဂျင်နီယာဘွဲ့ရရှိသူ<br>B.E (Mechanical, Electrical, Electronics, Mechatronics) |
| (ဃ) | စိစစ်ရေးမှူး(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၂) နေရာ<br>(ကျား/ မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (င) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၃) နေရာ<br>(ကျား/မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ<br>(သို့မဟုတ်) တက္ကသိုလ်တက်ရောက်နေသူ |
| (စ) | စာရင်းကိုင်(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၁) နေရာ<br>(ကျား/မ) | အခြေခံပညာအထက်တန်း အောင်မြင်သူ |
| (ဆ) | ယာဉ်မောင်း (၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၃) နေရာ<br>(ကျား) | အခြေခံပညာအလယ်တန်းအဆင့်ဖြစ်ပြီး အနိမ့်ဆုံးယာဉ်မောင်း (ခ) လိုင်စင်ရှိရမည်။ |
| (ဇ) | လုံခြုံရေး (၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၂) နေရာ<br>(ကျား) | အခြေခံပညာအလယ်တန်းအဆင့် |
| (ဈ) | မီးသတ်တပ်သား<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | (၂) နေရာ<br>(ကျား) | အခြေခံပညာအလယ်တန်းအဆင့် |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊
- (ခ) ၃၀-၁၁-၂၀၂၅ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၃၀) နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊
- (ဂ) ရွေးချယ်ရာတွင် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဦးစားပေးမည်၊ (ယာဉ်မောင်း(၅)၊ လုံခြုံရေး(၅)နှင့် မီးသတ်တပ်သား ရာထူးနေရာများ လျှောက်ထားသူများမပါ)
- (ဃ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်၊
- (င) ရွေးချယ်ခြင်းခံရပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာဒီပလိုမာလက်မှတ် ရရှိသူများလည်း လျှောက်ထားနိုင်ပါသည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.monp.gov.mm တွင် Download ရယူ၍လည်းကောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနရုံးအမှတ်(၃၂-D)၊ နေပြည်တော်နှင့် သဇင်ရုံလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးရုံးတို့တွင် ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်သို့ ပေးပို့ရမည်-
- (က) ငွေသွင်းချလန်(မူရင်း)၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်၊
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)၊
- (စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓာတ်ပုံ(၃)ပုံ(နောက်ကျောတွင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ဖော်ပြရန်)၊
- (ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊
- (ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ (၁)လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း။

၆။ စာမေးပွဲဝင်ကြေးကျပ် (၂၀၀၀/-) (ကျပ်နှစ်ထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-010970 သို့ ပေးသွင်းရပါမည်။

၇။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်သို့လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၅-၁၂-၂၀၂၅ ရက် (သောကြာနေ့)အရောက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို (လုံးဝ) လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ ဝန်ထမ်းဖြစ်ပါက အပိုဒ် (၅)ပါ အထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်၊ ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းတို့ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၅-၁၂-၂၀၂၅ ရက် (သောကြာနေ့) နောက်ဆုံးထား ပေးပို့ရန်ဖြစ်ပြီး၊ ကြိုတင်လျှောက်လွှာမိတ္တူ (၁)စောင်ကို ဤဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာစာ၊ **အင်္ဂလိပ်စာ၊အထွေထွေဗဟုသုတ၊ ကွန်ပျူတာ**ဘာသာရပ်များအား စစ်ဆေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်ကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၏ Website ဖြစ်သော www.monp.gov.mm အောက်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန Web Page တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၆၃၂၂၊ ၀၆၇-၃၄၀၆၁၁၆၊ ၀၆၇-၃၄၀၆၀၈၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ မာန်အောင်အကွက်၊ ဦးပိုင်အမှတ်(၁၀၈/၂-က)၊ မြေဧရိယာ ၀ ဒသမ ၀၉၅ ဧကရှိ မြေကွက်အား ဦးစိုးစိုး (ခ) ဦးဘရာစူးသည် ဦးစောခင်ကျော်ရှိန်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ရန်နှင့် (1A) အမည်ပြောင်း လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးစိုး (ခ) ဦးဘရာစူး ၁၂/ဒဂတ(နိုင်)၀၁၆၉၃၅**
**နောင်ရိုးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးလော်ထွေး၏သား ကျွန်တော် မောင်လော်ဘာ ၁၃/တခလ(နိုင်)၀၉၃၅၆၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၂၁၈၉၀၁

## ပျောက်ဆုံးကြောင်း

(ဘ) ဆိုင်နွန်း၏သမီး ကျွန်မ နန်းဆီထောင်း ၁၃/မယန(နိုင်) ၀၀၈၅၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၀၃၁၂၆၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ (၃)လမ်း၊ မြေကွက်အမှတ်(၂၅၀/က)ဟုခေါ်တွင်သော မြေအလျား x အနံ (၂၀'x၆၀')ပေါ်တွင်တည်ရှိဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ (တတိယထပ်)(၄)လွှာ၊ အကျယ်အဝန်း(၁၈x၅၄)ပေရှိ တိုက်ခန်းအား နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်သူ မြေရှင်ဖြစ်သူ ဒေါ်ခင်ငြိမ်း ၁၂/ဥကတ(နိုင်)၁၅၆၅၄၁ နှင့် ကန်ထရိုက်တာ ဖြစ်သူ ဦးအောင်ပြည့်စုံ ၇/သကန(နိုင်)၁၁၃၆၄၆ တို့မှ အခန်းပေးအခန်းယူ ချုပ်ဆိုထားသောစာချုပ်အရ ကန်ထရိုက်တာ ဦးအောင်ပြည့်စုံထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မေမီထိန်ဝင်း ၁၂/ဗဟန(နိုင်)၁၀၀၀၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းမို့မို့ခိုင် ၁၂/မဘန(နိုင်)၁၀၈၄၂၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသတို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ် စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြောင်းတကာ သံမဏိစက်မှုဇုန်၊ မြေကွက်အမှတ်(၂၆၄)၊ မြေဧရိယာ ၂ ဒသမ ၂၅၃ဧကရှိ ဦးအောင်မြင့် ၁၂/ပဘတ(ဧည့်)၀၀၀၆၃၄ အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူထားသူထားကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးခင်မောင်ဝင်း ၁၂/ပဘတ(နိုင်)၀၁၃၈၆၅ နှင့် ဦးကျော်စိုးလွင် ၁၂/ဗတထ(နိုင်)၀၂၆၈၂၆ အမှတ်(၂၂၇)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ် နေသူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းလွင်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီး မြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၈၈)**
**အမှတ်-၅၈၁/ခ၊ ရွှေပြည်သာ (၂)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၁၉၇၉၃၂**

## အမြန်ဆုံးပြန်လာပါ

ဦးကျော်ထွန်း ၁၂/ကတန(ဧည့်)၀၀၀၁၃၃ သည် နေအိမ်မှ လွန်ခဲ့သည့် (၃)ရက်ခန့်က မိသားစုကိစ္စကြောင့် နေအိမ်မှထွက်သွားပါသဖြင့် ဇနီးဖြစ်သူနှင့် သားသမီးတို့က အလွန်အမင်း စိတ်ပူနေပါသောကြောင့် အိမ်သို့ အမြန်ဆုံးပြန်လာပါရန် အသိပေးပါသည်။ တွေ့ရှိ/သိရှိသူများကလည်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

တွေ့ရှိကြောင်း သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။

**ဖုန်း - 09-5388249, 09-767761548, 09-791657044**

**ဇနီး-ဒေါ်အေးအေးမာ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ ဒေါနလမ်း၊ (ဒေါန(၁)လမ်းနှင့်နှင်းဆီလမ်းကြား) မြေကွက်အမှတ်(၂၇၅)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ဧရိယာ(၆၀ပေx၆၀ ပေ)အကျယ်အဝန်းရှိသော မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာဌာနမှ နှစ်ပေါင်း (၆၀)မြေငှားစာချုပ်ဖြင့် ဂရန်မြေကွက်အငှားစာချုပ်ရသူ (မူလမြေကွက်ပိုင်ရှင်) ကျွန်မ ဒေါ်သန်းသန်း(ခ)ဒေါ်ခင်မေသန်း ၁၂/လသန(နိုင်)၀၁၂၉၂၄ အမည်ပေါက်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏စီမံခန့်ခွဲပိုင်ခွင့်၊ ပိုင်ရေးပိုင်ခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ယနေ့အချိန်ထိ အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်း၊ စွန့်ကြဲ၊ လှူဒါန်းထားခြင်းမရှိပါကြောင်းနှင့် ဤကြော်ငြာပါ ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း ဂရန်မူရင်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(၁) ဒေါ်သန်းသန်း(ခ)ဒေါ်ခင်မေသန်း ၁၂/လသန(နိုင်)၀၁၂၉၂၄**
**(နှစ်(၆၀)ဂရန်မြေကွက် မြေငှားစာချုပ်အငှားရသူ/မြေကွက်ပိုင်ရှင်)**
**အမှတ်(၂၁၈)၊ ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၅၇၆၂၁၃၅၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဥတ္တရဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧက၊ မြေကွက်အမှတ်(ဥ-၅၉၃၃)၊ ဒေါ်မာလာကြည် (ဘ) ဦးကိုကိုကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်အောင်မာမြင့် ၁၂/ဒဂန(နိုင်)၀၁၈၈၄၆ (ဘ) ဦးကျော်မြင့်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၃၄၆၆/၂၀၂၃(၁၉-၉-၂၀၂၃)တင်ပြ၍ ဦးအေးနိုင်အောင် ၁၂/မဘန(နိုင်)၁၃၅၄၅၈(ဘ)ဦးမောင်မောင်အေး အမည်ဖြင့် မှတ်ပုံတင်အရာင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ နတ်မောက်(၂) လမ်း၊ မြေကွက် အမှတ် (၁၉၈) ဟုခေါ် တွင်သော အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဒေါ်အေးရွှေ ၁၂/လမန(နိုင်)၀၄၇၀၄၃ အမည်ပေါက် ပါမစ်မူရင်းအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (မြေကွက်အမှတ်(၁၉၉)နှင့်ကပ်လျက်) အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေချပါမစ်မိတ္တူဘက်ခြမ်းမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံနိုင်ခွင့်ရှိသူများထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုဝန်ခံသူ ဒေါ်ကြည်ကြည်ဌေး ၁၂/ဥကမ(နိုင်)၀၂၁၁၄၁ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရင်ကြွေ ၁၂/ဗဟန(နိုင်)၀၃၅၀၀၉ မှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ထိုမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာနှင်းအေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၄၈၅၆၇)**
**အမှတ်(၃၁ /က)၊ ဟားခါးလမ်း၊ (၇)ရပ်ကွက် ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း-၀၉ - ၈၈၂၇၈၃၇၂၆၊ ၀၉ - ၇၈၆၅၄၄၀၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ်(၃၈၇)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးမြဝင်း (O/RGN-005562) အမည်ပေါက် ပါမစ်မူရင်းအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (မြေကွက်အမှတ်(၃၈၈)နှင့်ကပ်လျက် ) အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ပါမစ်မူရင်းဘက်ခြမ်းမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံနိုင်ခွင့်ရှိသူများထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုဝန်ခံသူ ဒေါ်ငုဝါခိုင် ၁၂/ဒဂရ(နိုင်)၀၀၅၈၇၈ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မွန်စိုး ၉/မလန(နိုင်)၀၉၄၃၉၉ မှ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ထိုမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာနှင်းအေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ် -၄၈၅၆၇)**
**အမှတ်(၃၁/က)၊ ဟားခါးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၈၈၂၇၈၃၇၂၆၊ ၀၉-၇၆၇၇၄၁၁၇၁**

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ ဘလောက်(၄၃) အမှတ်-၈ တွင်တည်ရှိသော **MYANMAR WIN-WIN LAWFIRM COMPANY LIMITED** ကုမ္ပဏီ မှတ်ပုံတင်အမှတ်-၁၄၄၃၇၁၅၆၉ (၂၄-၉-၂၀၂၅)၏ ကိုယ်စားလှယ်ဖြစ်သူ ဦးဘုန်းမြတ်ကျော် (ဘ)ဦးကျော်ဝင်းဦး ၁၁/ကတန(နိုင်)၁၆၈၇၃၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

**MYANMAR WIN-WIN LAWFIRM**

အထက်ပါ **MYANMAR WIN-WIN LAWFIRM** အမည်နှင့် လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ် အသားကို မိမိတစ်ဦးတည်းအပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-(၄/၈၇၃၉/၂၀၂၅)(၃-၁၀-၂၀၂၅)ဖြင့် တရားဝင် မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ လုပ်ငန်းအမှတ်တံဆိပ် **MYANMAR WIN-WIN LAWFIRM** အမည်နှင့် အမှတ်အသားကို ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင် ကြော်ငြာ၊ လက်ကမ်း ကြော်ငြာ၊ ပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ LetterHead၊ Internet Website၊ Facebook ၊ Tiktok ၊ Telegram အစရှိသည်တို့တွင် သာမက ဥပဒေအကျိုးဆောင်ဝန်ဆောင်မှုလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင် ထင်မှား၊ တုပပြုလုပ်သုံးစွဲခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်တင်ဇာအေးကို(LL.B)** | **ဒေါ်နွယ်နွယ်ဦး LL.B,DML,WIPO(SWITZERLAND)** |
| **တရားလွှတ်တော်ရှေ့နေ** | **(စဉ်-၄၈၃၁၁)** |
| **(စဉ်-၁၇၅၆၄)** | **ဒေါ်ထိုက်ထိုက်စိုး(LL.B)(စဉ်-၃၃၆၃၈)** |
| | **အထက်တန်းရှေ့နေများ** |
| | **ဖုန်း ၀၉-၄၀၄၆၆၇၇၆၀** |

**ရုံးလိပ်စာ -အမှတ်(၈)၊ Block (၄၃)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၉၂

| | | |
|---|---|---|
| ဒေါ်လှလှဝင်း | **နှင့်** | ၁။ ဦးအာမက်ရောရှိတ် |
| | | ၂။ ဒေါ်အေးအေးသန်း |
| | | ၃။ ဒေါ်မြင့်ရီ |
| | | ၄။ ဒေါ်မျိုးမျိုးသက် |
| | | ၅။ ဒေါ်တင်ဇာဖြိုး (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးအောင်မြင့်) |
| | | ၆။ ဦးလှဝင်း |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာမဉ္ဇူလမ်း၊ အမှတ်(၁၆၃) ရပ်နေ လျှောက်ထားခံရသူ အမှတ်(၆) ဦးလှဝင်း ( ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

အထက်အမည်ပါ ဒေါ်လှလှဝင်းက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၅၈ အရ ဝရမ်းစွဲကပ်ထား ခွာပေးစေလိုမှု လျှောက်ထားသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန်၊ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီ တွင် သင်ကိုယ် တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( တင့်တင့်ဌေး )**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၈)၊ မာန်အောင်အကွက်၊ ဦးပိုင်အမှတ်(၁၀၈/၂-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၈၄ဧကရှိ မြေကွက်အား ဦးစိုးစိုး(ခ)ဦးဘရာစူးသည် ဒေါ်နန်းဝေဝေတင်ထံမှဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ရန်နှင့် (1A) အမည်ပြောင်း လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးစိုးစိုး(ခ)ဦးဘရာစူး ၁၂/ဒဂတ(နိုင်) ၀၁၆၉၃၅**
**နောင်ရိုးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း (၁၆)၊ အိမ်အမှတ်(၁၅/၁၀၄၂)နေ ဦးဘိုဘိုဇော် ၉/ပမန(နိုင်)၁၄၃၄၉၃- ဒေါ်ဇင်ဇင်သန်း ၉/ပမန(နိုင်)၁၂၄၉၈၅တို့၏ သမီး မဂျူးဂျူးဟန်ဇော် ၉/ပမန(နိုင်)၂၈၁၂၂၈သည် မိဘ၏ဆိုဆုံးမမှုကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ**
**ဦးဘိုဘိုဇော်-ဒေါ်ဇင်ဇင်သန်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## တပ်ကုန်းမြို့နယ်တရားရုံး
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅

| | | |
|---|---|---|
| ကိုချစ်လွင်ဦး | **နှင့်** | မသိန်းသန်းဌေး |
| **(တရားလို)** | | **(တရားပြိုင်)** |

တပ်ကုန်းမြို့နယ်၊ ရှောက်ကုန်းကျေးရွာနေ ဒေါ်သိန်းသန်းဌေး (ဘ) ဦးတင်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကိုချစ်လွင်ဦးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅-ခုနှစ်၊ နိုဝင်ဘာလ၊ ၁၂ ရက်။ (၁၃၈၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ပြည့်သျှန်တင့်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တပ်ကုန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၇၉

| | | |
|---|---|---|
| ဒေါ်လှမြင့် | **နှင့်** | ၁။ ဒေါ်ရီရီတင် |
| | | ၂။ ဦးထွန်းမြတ်အောင် |
| | | ၃။ ဦးဖုန်းမြင့်အောင် |
| | | ၄။ ဦးတင်ထွန်းအောင် |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာနေ(၂)တရားပြိုင် ဦးထွန်းမြတ်အောင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်း၊ အနော်ရထာအိမ်ရာနေ (၄)တရားပြိုင် ဦးတင်ထွန်းအောင် (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်လှမြင့်က ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း(တောင်)အနောက်ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ်(၉) တွင်တည်ရှိသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အအုံ၏ ခြေရင်းဘက်ခြမ်းတွင်ရှိသော တိုက်ခန်း(၆)ခန်းအား တရားလိုဒေါ်လှမြင့် တစ်ဦးတည်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော တိုက်ခန်းများဖြစ်ကြောင်း မြွက်ဟကြေညာ ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်(၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **( ဝေဠုထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အလုံခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/6145 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေးမြောက်၊ လူနေရပ်ကွက်အမှတ်-မြယမုံ၊ မြေကွက်အမှတ်(၁၇)၊ အကျယ်အဝန်း (အလျား ၆၀'၇"/၆၀' x အနံ ၈၀'/၇၈'၈" )ပေ၊ ဧရိယာ ၀ ဒသမ ၁၁၀ဧက၊ (၄၇၉၁)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ဖြင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးဇော်လှိုင် ၉/ဝတန(နိုင်)၀၀၈၁၈၁ ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၅၃/၂၀၂၃ ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော ဦးသံဒိုင် (ဘ)ဦးဝင်းမြင့် ၈/ပခက(နိုင်)၁၄၃၁၃၄၊ ဦးမင်းသူရ (ဘ) ဦးကြီးရွှေ ၁၂/လမတ(နိုင်)၀၀၁၇၁၆၊ ဦးမြတ်ကောင်းထက်ဇော် (ဘ) ဦးအောင်မြင့် ၁၂/ဗတန(နိုင်)၀၉၇၃၂၉ တို့ထံမှ ကျွန်တော် ဦးတေဇာဖြိုးဌေး (ဘ) ဦးခင်မောင်ဌေး ၁၂/ဥကတ(နိုင်)၁၇၁၀၁၃နှင့် ဒေါ်ဇာလီနိုင် (ဘ) ဦးဝင်းနိုင် ၁၂/ရပသ(နိုင်)၁၃၉၅၇၂ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်တော် ဦးတေဇာဖြိုးဌေး နှင့် ကျွန်မ ဒေါ်ဇာလီနိုင်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဦးတေဇာဖြိုးဌေး (ဘ) ဦးခင်မောင်ဌေး ၁၂/ဥကတ(နိုင်)၁၇၁၀၁၃**
**၂။ ဒေါ်ဇာလီနိုင် (ဘ) ဦးဝင်းနိုင် ၁၂/ရပသ(နိုင်)၁၃၉၅၇၂**
**အမှတ်(၁၇)၊ မြယမုံ(၇)လမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၈၆၇၆၇၄၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၂၆၇၊ အကျယ်အဝန်း-အလျား ၄၀ပေxအနံ၆၀ပေရှိ ဦးမောင်မောင်ဝင်း (J/RGN-၀၂၂၀၅၃) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအနက်မှ မခွဲမစိတ်ရသေးသော အလျား ၂၀ ပေ x အနံ ၆၀ပေရှိ (မြေကွက်အမှတ်-၂၆၈နှင့် ကပ်လျက်ဘက်ခြမ်း)မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးစိုးခိုင် ၇/တငန(နိုင်)၀၇၀၇၁၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမြင့်အောင် (စဉ်-၂၅၁၆၅)** | **ဦးအေးမင်းသူ (စဉ်-၂၆၁၉၉)** |

**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၅၁၄၅၇၆၇ ၊ ၀၉-၄၂၀၀၂၈၃၆၆**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက (ကပ်ခို)၊ (G-12)မှ မောင်အောင်သက်ဦး၊ မောင်ထက်မြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးနေလင်းထွန်း ၁၄/မမက(နိုင်)၂၅၈၇၉၂ ဖြစ်ပါကြောင်း။

**ဦးနေလင်းထွန်း**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဦးအောင်စိုး(ဘ)ဦးရွှေလွင် ၁၂/လမန(နိုင်)၀၅၁၀၆၈၏ နိုင်ငံကူးလက်မှတ်အမှတ်(M-092771)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၉၇၄၀၀**

## အမည်မှန်

ပန်းတနော်မြို့နယ်၊ အ.ထ.က မရမ်း Grade-12 မှ (ဘ) ဦးကျော်မိုးမြင့်၏သမီး မဖူးအိကျော်၏ အမည်မှန်မှာ နော်ဖူးအိကျော် ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် H/4947 Ford Canada F 60L, Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထိုက်အောင် ၈/မမန(နိုင်)၂၀၃၅၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (အမက-၁၇ ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၅၅၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ မြေဂရန် အမှုတွဲအမှတ် ၇၀၄-၅/၂၀၁၃-၂၀၁၄ ဖြင့် ဒေါ်နန်းအမ်တစ် ၁၃/လရန(နိုင်)၀၃၃၅၉၄ မှ အမည် ပေါက်မြေဂရန်သည် ၁၇-၃-၂၀၂၄ ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်၍ ၎င်းအမည်ဖြင့် မြေငှားဂရန်ထပ်မံအသစ် လျှောက်ထားလာပါသဖြင့် လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်နန်းအမ်တစ် အမည်ပေါက်မြေဂရန်အမှုတွဲအမှတ် ၇၀၄-၅/၂၀၁၃-၂၀၁၄အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်နန်းအမ်တစ် ၁၃/လရန(နိုင်)၀၃၃၅၉၄ အမည်ဖြင့် မြေငှားဂရန်ထပ်မံအသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၇၇၅)၊ ဦးအစူး(AC-047616)အမည်ဖြင့် ထုတ်ပေးထားရှိသော ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိမြေကွက်ကို အရပ်ကတိစာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချောစုစုလတ် ၁၂/ကမရ(နိုင်)၀၀၀၃၈၃ မှ မြေအကျယ်အဝန်းပေ(၂၀x၆၀)ပါမစ်မိတ္တူခြမ်းအား ခွဲစိတ်ရောင်းချခဲ့ပြီးနောက် ဒေါ်ဝါဝါဆွေမှတစ်ဆင့် မြေအကျယ်အဝန်းပေ (၁၀x၆၀)ပေ မြေကွက်အမှတ်(၇၇၆)နှင့် ကပ်လျက်ရှိ ပါမစ်မိတ္တူခြမ်းအား ထပ်မံ၍ ခွဲစိတ်ရောင်းချခဲ့ရာ ဝယ်ယူပိုင်ဆိုင်ထားရှိသူ ဒေါ်ဇင်ဇင်စိုး ၁၂/ဒဂရ(နိုင်)၀၀၂၉၃၀ ဆိုသူသည် မိမိသာလျှင် တရားဝင်လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိသည်ဟု အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မျိုးသူဇာ(LL.B)** | **ဒေါ်ဆုဆုအောင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၈၆၈၄)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၂၂၆)** |
| **အမှတ်(၁၂၅)၊ ကသစ်လမ်း၊ (၆)ရပ်ကွက်၊** | **အမှတ်(၂၀၅/က)၊ တိမ်ကြားမင်** |
| **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်** | **ခေါင်လမ်း၊ (၇)ရပ်ကွက်၊** |
| **ဖုန်း-၀၉-၄၀၁၀၅၂၃၄၉** | **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်** |
| | **ဖုန်း-၀၉-၉၆၁၀၃၇၀၅၅** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(အမက ၁၇ ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၅၅၉)၊ ဧရိယာ ၀ ဒသမ ၀၅၄ ဧက၊ မြေဂရန်အမှုတွဲ အမှတ် ၇၀၅-၅/၂၀၁၃-၂၀၁၄ဖြင့် ဦးဖိုးဆင် ၁၃/လရန(နိုင်)၀၃၃၄၉၀မှ အမည်ပေါက်မြေဂရန်သည် ၁၇-၃-၂၀၂၄ ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်၍ ၎င်းအမည်ဖြင့် မြေငှားဂရန်ထပ်မံအသစ် လျှောက်ထားလာပါသဖြင့် လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀)ရက်အတွင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူ မရှိပါက ဦးဖိုးဆင် အမည်ပေါက် မြေဂရန်အမှုတွဲအမှတ် ၇၀၅-၅/ ၂၀၁၃-၂၀၁၄ အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဦးဖိုးဆင် ၁၃/လရန(နိုင်)၀၃၃၄၉၀ အမည်ဖြင့် မြေငှားဂရန်ထပ်မံ အသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုလှ(ဘ)ဦးရွှေထိုက်(ခ)ဆိုင်ရှင်း ၁၄/လပတ(နိုင်)၂၄၆၂၀၄၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ ငါးကျီးထူကျေးရွာ၊ ကွင်းအမည်-ပျဉ်းကတိုးကုန်းကွင်း၊ ဦးပိုင်အမှတ်-၅၁/၂၊ ကွင်းအမှတ်-၅၄၊ အကျယ်အဝန်း-၀. ၆၃ဧကရှိ ဥယျာဉ်ခြံမြေမှာ ဦးဝင်းတင်-ဒေါ်ချိုချိုလှတို့နှစ်ဦးအမည်ပေါက်ပိုင်ဆိုင်သည့်မြေကွက်ဖြစ်ပါသည်။ ပူးတွဲမြေအမည်ပေါက်ဒေါ်ချိုချိုလှ၏ခင်ပွန်းဖြစ်သူ (ဦးဝင်းတင်)မှာ(၁၆-၂-၂၀၂၅)ရက်တွင် ကွယ်လွန်သွားသဖြင့် အထက်ဖော်ပြပါဥယျာဉ်ခြံမြေသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုလှ တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်လာသည့်ဥယျာဉ်ခြံမြေဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုလှသည် အထက်ဖော်ပြပါမြေကို ရောင်းချရန် စီစဉ်နေပြီး၊ အဆိုပါ မြေနှင့်ပတ်သက်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ရရှိခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်လာပါက ဥပဒေအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ချိုချိုလှ** | **ဦးဝင်းထွဋ် (LL.B)** |
| **၁၄/လပတ(နိုင်)၂၄၆၂၀၄** | **အထက်တန်းရှေ့နေ၊ စဉ်-၂၄၅၂၈(၂၀-၁၂-၂၀၀၅)** |
| | **ရုံး - ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း** |
| | **အင်းစိန်မြို့နယ်၊ ဖုန်း - ၀၉-၇၈၄၄၁၁၁၇၅** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ချင်းတွင်းလမ်းနှင့် စစ်တောင်းလမ်းထောင့်ရှိ၊ ခြံအမှတ်(၁၇) ဥယျာဉ်ခြံမြေအမျိုးအစား မျက်နှာစာ အလျား ၇၂/၇၀ပေxအနံ ၆၈/၁၀၀ ပေကို ဒေါ်စန်းစန်းရွှေ ၇/ပခန(နိုင်)၁၇၃၉၅၃ က စာချုပ်အဆက်စပ်ဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလာခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဦးကနေးဆာ ၁၂/မဂဒ(နိုင်)၁၅၉၃၆၇ မှ အထက်ပါမြေကွက်အား ဝယ်ယူရန်အတွက် မြေကွက်တစ်ခုလုံး၏ တန်ဖိုးငွေအတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ဒေါ်စန်းစန်းရွှေ၏ မြေကွက်နှင့်စပ်လျဉ်း၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကနေးဆာထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကနေးဆာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကနေးဆာ** | **ဦးထွန်းမြတ် (LL.B) (စဉ်-၉၃၁၃)** |
| **၁၂/မဂဒ(နိုင်)၁၅၉၃၆၇** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း ၀၉-၅၁၀၀၅၄၄** | **ဖုန်း-၀၉-၂၅၀၁၆၈၁၇၈** |

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

**ပါမောက္ခ ဦးသိန်းညွန့်**

**အငြိမ်းစား ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(၁)**

**အသက်(၉၆)နှစ်**

ပါမောက္ခ ဦးသိန်းညွန့်သည် ၂၉-၁၀-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၇နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခွဲစိတ်ကုပညာဌာန**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

**ပါမောက္ခ ဦးသိန်းညွန့်**

**အငြိမ်းစား ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(၁)**

**အသက်(၉၆)နှစ်**

ပါမောက္ခ ဦးသိန်းညွန့်သည် ၂၉-၁၀-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၇ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံ ခွဲစိတ်ကုပညာအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

**ပါမောက္ခ ဦးသိန်းညွန့်**

**အငြိမ်းစား ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(၁)**

**အသက်(၉၆)နှစ်**

ပါမောက္ခ ဦးသိန်းညွန့်သည် ၂၉-၁၀-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၇နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအစာအိမ်နှင့်အူသိမ်လမ်းကြောင်းခွဲစိတ်ကုပညာအဖွဲ့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/8901 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၁၇၊ ဦးပိုင်အမှတ် ၉၃-ဓ/၁၉x၂၂ကြား၊ ၅၈လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မျိုးအေးအေး တင့် ၉/မရမ(နိုင်)၀၀၆၂၀၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာ၊ ရွှေဘားလားရေကူးကန်နေ (ဘ) ဦးလှမြင့်၏သားဖြစ်သူ ဦးနေမျိုးဝေ ၁၄/ဘကလ(နိုင်)၁၄၂၀၀၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာ၊ ဘားလားအရှေ့ကွင်း၊ ကွင်းအမှတ်-၄၉၆(က)၊ ဦးပိုင်အမှတ်(၁၃)၊ ဦးထွန်းရီ ပြေစာအမည်ပေါက်၊ ဧရိယာ(၆ဒသမ၁၇)ဧကအား လွှန်ခဲ့သော (၁၅-၁-၂၀၁၄)ရက်မှစ၍ ဝယ်ယူပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိပါသည်။ ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရရှိဘဲ ယင်းမြေဧရိယာအား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်း၊ တစ်စုံတစ်ရာဝင်ရောက်လုပ်ကိုင်ခြင်း၊ ပုံစံ(၇)လျှောက်ထားရယူခြင်း၊ ပုံစံ(၇)ထုတ်ပေးခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နွေဦးမွန်(LL.B)** | **ဒေါ်စန္ဒာဦး(B.A,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၉၃၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၁၈၈၃၄)** |
| **မြသီတာ(၄)လမ်း၊ အိုးတန်းရပ်ကွက်** | **တိုက်-၇၊ အခန်း(၉)၊ ဇီဇဝါအိမ်ရာ၊** |
| **တိုက်ကြီးမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး** | **တောင်ဥက္ကလာပမြို့နယ်၊** |
| **ဖုန်း-၀၉-၂၀၃၇၈၀၂** | **ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၂၅၄၇၈၀၀၈** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၂)၊ အောင်သိဒ္ဓိလမ်း၊ မြေကွက်အမှတ် (၁၁၄၇)၊ မြေဧရိယာ-(၄၀x ၆၀)ပေ အနက်မှ (၁၀x၆၀)ပေ ပါမစ်မြေကွက်အား အမည်ပေါက် ပိုင်ဆိုင်သည့် ဒေါ်ခင်ခင်ရွှေ(TKA-012812) ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ လွှဲပြောင်းရောင်းချသူများဖြစ်သည့် ဒေါ်အေးအေးမာ (၁၂/ဥကမ(နိုင်)၁၆၈၂၆၈)၊ ဒေါ်ဥက္ကာလင်း (၁၂/ဥကမ(နိုင်)၂၂၉၅၁၄)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ဖြိုးအောင် LL.B**
**အထက်တန်းရှေ့နေ(စဉ် ၅၂၁၃၉)**
**အမှတ်- ၉၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၁၀) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၇၂၄၉၀၀၂**

## ဒေါက်တာစန်းစန်းဝင်း

**M.B.B.S**

**အသက်(၇၀)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်နေ (ဦးမြင့်-ဒေါ်မြင့်မြင့်)တို့၏ဒုတိယသမီး၊ တောင်တွင်းကြီးမြို့၊ တောင်ပြင်(၁)ရပ်ကွက်နေ (ဦးစောလှိုင်-ဒေါ်ခင်ခင်ကြီး)တို့၏သမီးချွေးမ၊ (ဦးမောင်ကြည်)-ဒေါ်သန်းသန်းနွဲ့တို့၏ညီမ၊ ဦးဇော်ကိုကို-ဒေါ်ထားထားရီ၊ ဒေါ်ဆွေဆွေဝင်း၊ ဦးသက်ဦး-ဒေါ်ဌေးဌေးရီ၊ ဒေါက်တာအေးအေးခိုင်၊ ဒေါက်တာဦးမျိုးမြင့်ဦး-ဒေါ်ဝေနွယ်မိုးတို့၏အစ်မ၊ ဦးဇော်ဝင်းလှိုင်(B.Sc,Geology, DAG mining, HGP)၏ချစ်လှစွာ သောဇနီးသည် ၂၈-၁၀-၂၀၂၅ရက် (အင်္ဂါနေ့) ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၃၀-၁၀-၂၀၂၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကေ့ကြီးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၂၅ရက် (စနေနေ့) နံနက် ၁၀နာရီမှ မွန်း တည့် ၁၂နာရီအထိ ပျဉ်းမနားမြို့၊ ရန်အောင်(၁)၊ မကျီးတောရပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် (ညည-၉)၊ ဦးပိုင်အမှတ် (၆၉)၊ ၆၁x၆၂ ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူသင်း၏ (SP ရရှိသူ ဦးမော်ကောင်းဝန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၁၀၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းမြင့် ၉/မနမ(နိုင်)၁၀၂၁၅၂က အမှုတွဲအမှတ် (၃၂၂၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉-က၊ ဦးပိုင်အမှတ် (ဓ-၂၅)၊ ရန်-မန်းကားလမ်းအနောက်ဘက်၊ မုံရွေးကျောင်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းလွင်၏ (SP ရရှိသူ ဦးခင်မောင်သန်း(ခ)ချိန်ဟုတ်ကင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၆၆၈/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နီနီလှိုင် ၉/မရမ(နိုင်)၀၁၃၀၄၇ က အမှုတွဲအမှတ် (၃၂၁၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၉၀၆၅၂, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှဌေးက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သာယာဝတီ)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/78816, Honda Dream C100, MS, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၁၄/ကပန (နိုင်)၀၄၅၅၂၅ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်၊ (၃/ဃ-၂-၂ + ၄/င-၂-၁)၊ (၀.၂၀၃ ဧက)၊ မြေကွက်တည်နေရာ၊ အမှတ်(၅၃)၊ ပြည်လမ်း (၆ မိုင်ခွဲ)၊ (၁၁) ရပ်ကွက်၊ ဦးရဲထွန်း အမည်ပေါက် မြေပိုင်မြေ (လ/န-၃၉ ရပြီး)(အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် (ဖခင်)ဖြစ်သူ ဦးရဲထွန်းသည် (၇-၅-၂၀၁၀) ရက်တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်ဥမ္မာမော်သည် (၄-၂-၂၀၂၄)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပြီး ကွယ်လွန်သူ မိခင်/ဖခင်တို့တွင် ဒေါ်ယုဇာမော်ထွန်းနှင့် ဦးအဂ္ဂါမော်ထွန်းတို့ မောင်နှမ(၂)ဦးကိုသာ မွေးဖွားခဲ့ပြီး မောင်ဖြစ်သူ ဦးအဂ္ဂါမော်ထွန်းသည် (၈-၁-၁၉၉၂)ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်သမီးဖြစ်သူ ဒေါ်ယုဇာမော်ထွန်း (၁၂/ဗဟန(နိုင်) ၀၀၆၈၃၀)မှ မိမိမှလွဲ၍ အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံကိတ္တိမသား/ သမီးများ လည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဤကျန်ရစ်သူသမီးအရင်း/မွေးချင်းအစ်မအရင်းဖြစ်သူ မိမိကသာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြား သောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း (၇-၄-၂၀၂၅)ရက်စွဲပါ တရားရုံး ကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ ဦးရဲထွန်း၏ သေဆုံးမှုလက်မှတ်၊ ဒေါ်ဥမ္မာမော်၏ သေဆုံးမှုလက်မှတ်၊ ဦးအဂ္ဂါမော်ထွန်း သေဆုံးသည်မှာမှန်ကန်ပါကြောင်း (၄-၆-၂၀၂၅)ရက်စွဲပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် (၆-၆-၂၀၂၅) ရက်စွဲပါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ သေစာရင်းမှတ်တမ်းမှာ ယခုအခါ သေစာရင်းဌာနတွင် ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်း မိတ္တူမှန်ထုတ်ပေးခြင်း မပြုနိုင်ပါကြောင်း (၂-၅-၂၀၂၄)ရက်စွဲပါ ပြန်ကြားစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ အမှတ် (၁၄)၊ မဉ္ဇူလမ်းသွယ် (၁)၊ (၈) ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်ခင်ပြုံးပြုံးမြင့် အသက်(၆၄)နှစ်သည် (၉၆)ပါးသောရောဂါဖြင့် ၂၀-၁၀-၂၀၂၅ ရက် (တနင်္လာနေ့) မြန်မာစံတော်ချိန် ညနေ ၅:၅၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၂၅ ရက် (သောကြာနေ့) မွန်းလွဲ(၁:၀၀)နာရီတွင် ယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးစီးသည်အထိ ဈာပနအခမ်းအနားကိစ္စအဝဝတို့အတွက် လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ လှူဖွယ်ပစ္စည်းများနှင့် လွမ်းသူ့ပန်းခြင်း/ပန်းခွေများ ပေးပို့ခြင်းဖြင့်လည်းကောင်း၊ အစစအရာရာ မေတ္တာဖြင့် ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ပေးကြပါသော ပြည်တွင်း/ပြည်ပကုမ္ပဏီများမှ မိတ်ဆွေများ၊ ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု(RA)-(RA-2)၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၁၁၇၂)၊ (၁၁၇၃)၊ (၁၁၇၄)၊ အကျယ်အဝန်း (၁၀၀'x၁၀၀')စီရှိ မြေကွက်(၃)ကွက်နှင့်တကွ ယင်းမြေကွက်(၃)ကွက်နှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်(၃)ကွက်သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၅၅၀၆/၂၀၂၀)၊ (၅၅၀၇/၂၀၂၀)၊ (၅၅၀၈/၂၀၂၀)အရ ဦးမျိုးမင်းထွန်း ၅/မရန(နိုင်)၁၃၀၅၇၅ အမည်ဖြင့် ရရှိထားသည့် မြေကွက်များဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထိန်လင်းအောင် ၅/ခတန(ပြု)၀၀၀၁၆၆ မှ အဆိုပါ မြေကွက်(၃)ကွက်အား မိမိကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်(၃)ကွက်နှင့်တကွ ယင်းမြေကွက် (၃)ကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည်(LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)** |

**အခန်းအမှတ်(308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၃၀၉၅၃၆၇၊ ၀၉ ၇၈၈ ၇၈၇ ၆၆၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃၃)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ် -၃၈၈ရှိ(၄၀x၆၀)ပေ ကျယ်သောပါမစ်မြေကွက်သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ဦးအောင်သိန်းတင်အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်မှ ထောင့်ဘက်ခြမ်းရှိ (၂၀x၆၀)ပေကျယ်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးငြိမ်းအေး(၈/မမန(နိုင်)၁၈၁၁၂၅)ကအရှုပ်အရှင်းကင်းရှင်းကာ မိမိတွင်သာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဌေး(၁၂/ဥကတ(နိုင်)၁၄၆၀၈၂က အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေး ချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ထက်ထက်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊မာဃ(၁၀)လမ်း၊(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၃၇၃၆၁၆၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၈၁၆၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရှိန် ၁၀/မဒန(နိုင်)၁၃၃၄၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/56895, Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၉/ပကခ(နိုင်)၀၆၃၆၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အမည်ပြောင်း

ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင် အထက Grade-5(A)မှ မသဉ္ဇာမိုးထက်အား မသက်မှူးစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသက်မှူးစံ**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ကျွဲတဲကျေးရွာအုပ်စု၊ ရွှေချောင်းကျေးရွာနေ (ဘ)ဦးသန်းမြင့်၏သမီး ဒေါ်ငြိမ်းလတ်၏ အမည်မှန်မှာ ဒေါ်ငြိမ်းငြိမ်းလတ် ၈/ဆမန(နိုင်)၀၀၀၃၈၇ဖြစ်ပါကြောင်း။

**ဒေါ်ငြိမ်းငြိမ်းလတ်**
**၈/ဆမန(နိုင်)၀၀၀၃၈၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/3457, Toyota Mark II GX110, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွေး ၉/မရတ(နိုင်)၀၅၆၉၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/9739, Mitsubishi Canter FE435E, Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးလှစိုး ၁၄/ပစလ(နိုင်)၀၅၆၆၃၃ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၆၁၁၅၇ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဇော် ၁၀/မလမ(နိုင်)၂၆၁၅၃၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

❖ **တစ်လုပ်စားဖူး သူ့ကျေးဇူး ဆိုသည့်စကားနှင့်အညီ ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၁ ရက်နေ့တွင် ပြုလုပ်သော အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများ အထူးကုန်ရထားဖြင့် ပို့ဆောင်ရောက်ရှိလာပြီး ဆက်လက်ဖြန့်ဖြူးပေးသွားမည်




**နေပြည်တော် အောက်တိုဘာ ၃၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစီအစဉ်ဖြင့် ငလျင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများအား အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ် ၉၇၂၀ (တန်ချိန် ၄၈၆ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရွှေကြက်ယက်ဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လာရောက်ကြည့်ရှု စစ်ဆေးလက်ခံ ခဲ့ကြကာ တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ HRB 500 အမျိုးအစားသံချောင်းလုံး တန်ချိန် ၂၂၂၉ ဒသမ ၆၃ တန်၊ 4 Angle 0.33 mm အမိုး သွပ်ပြားချပ်ရေ ၄၉၀၀၀ (တန်ချိန် ၂၂၇ ဒသမ ၉၁ တန်) နှင့် ဘိလပ်မြေအိတ် ၁၉၄၆၀ (တန်ချိန် ၉၇၃ တန်) တို့ကို ပို့ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ သတင်းစဉ်

## ခရစ္စတယ်ပဲလေ့စ်ကို ရှုံးနိမ့်ခဲ့သောကြောင့် အီးအက်ဖ်အယ်ဖလားပြိုင်ပွဲမှ နာမည်ကြီး လီဗာပူးထွက်ရ



ခရစ္စတယ်ပဲလေ့စ်တောင်ပံ တိုက်စစ်ကစားသမား အစ္စမေလာ ဆား၏ လီဗာပူးအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

အီးအက်ဖ်အယ်ဖလား ပြိုင်ပွဲ စတုတ္ထအဆင့်မှ အောက်တိုဘာ ၃၀ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူးနှင့် ခရစ္စတယ်ပဲလေ့စ်အသင်း ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက သုံးဂိုးပြတ်အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

လီဗာပူး အသင်းသည် ခရစ္စတယ်ပဲလေ့စ် အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံး ပြိုင်ပွဲစုံ ၇ ပွဲတွင် ရှုံးပွဲခြောက်ပွဲအထိ

*စာမျက်နှာ ၁၃ ကော်လံ ၁* ❑

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရခိုင့်ဦးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရခိုင့်ဦးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။ မြန်မာ့အလင်း

**ယနေ့ သတင်းအညွှန်း**

**တောင်ကြီး တန်ဆောင်တိုင်ပွဲတော် နေ့လွတ်အရုပ်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်**

ပြည်တွင်းသတင်း စာ ၅



**ပင်လောင်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၃

